http://www.dhammadownload.com

ရတနာစံဦးတိုက်

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏အဓိပတိ

မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# အမှောင်ဖယ်ခွင်း ဉာဏ်အလင်း
# သစ္စာလေးပါးတရားတော်

http://www.dhammadownload.com

- ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက် ချထားရမယ်
  ဒီလူ့ဘဝရလာတာဟာ ကုသိုလ်လုပ်ဖို့ပါပဲ။

- ဒီဝိပဿနာလုပ်ငန်းစဉ်ဟာ လူကြီးလူငယ် မခွဲခြားဘဲ
  အမှန်ကျင့်ကြံအားထုတ်ရမယ့် အလုပ်ပါ။

- ကိုယ်က အပြောသမားဘဝနဲ့ အချိန်မကုန်စေဘဲ
  လက်တွေ့သမားဖြစ်အောင် ကြိုးစားရမယ်။

- ဒါကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ပြီး
  လသာတုန်း ဗိုင်းငင်ကြပါ။

- ကိုယ်ပိုင်အလုပ်ကို ကိုယ်ကိုယ်တိုင်လုပ်ပါမှ
  ကိုယ်ပိုင်ရတယ်လို့ မှတ်ပါ။

ရတနာ့မာရ်အောင်ဆရာတော်

http://www.dhammadownload.com

ရတနာမာရ်အောင်တောရ
ဓမ္မရိပ်သာများ၏ အဓိပတိ

## မြောက်ဦးဆရာတော်

**ဟောကြားအပ်သော**

# အမှောင်ပယ်ခွင်း ဉာဏ်အလင်း
# သစ္စာလေးပါးတရားတော်



## စာစဉ် (၈)

(ယောဂီများအတွက်သာ)

သာသနာ ၂၅၄၉၊ ခရစ် ၂၀၀၅၊ ကောဇာ ၁၃၆၇

http://www.dhammadownload.com

၂၀၀၅ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ် * ၃၀၀၀ အုပ်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
ဒုတိယအကြိမ် * ၁၀၀၀ အုပ်

# ဓမ္မဒါန

ရန်ကုန်
**ဒါယကာ၊ ဒါယိကာမများမှ**
လှူဒါန်းထုတ်ဝေသည်။

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ

ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com

# အမှာစာ

အို...ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့၊ မြောက်ဦးမြို့၊ ရတနာစံဦးတိုက်၊ ရတနာ့မာန်အောင် တောရ ဓမ္မရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်သူမြတ်၏ နယ်လှည့်တရား စခန်းအသီးသီး၌ ဓမ္မမိတ်ဆွေ ယောဂီသူတော်စင် အပေါင်းတို့အား ဟောဖော်ညွှန်ပြ ဆိုဆုံးမအပ်သော အလုပ်ပေးတရားခွေများမှတစ်ဆင့် အများသူငါ ယောဂီသူတော်စင်များ ဖတ်ရှုလေ့လာ ပွားများအားထုတ်နိုင်ပါစေရန် ရည်ရွယ်၍ **အမှောင်ပယ်ခွင်းဉာဏ်အလင်း (သစ္စာ ၄ ပါး)**တရားတော်ကို ဆရာတော်၏တပည့်များ ကျောက်ဖြူ ဓမ္မစာစောင်ထုတ်ဝေရေးအဖွဲ့မှ စီစဉ်ထုတ်ဝေ ဓမ္မဒါနပြုခြင်း ဖြစ်ပါသည်။ ထိုတရားတော်၌ တရားအားထုတ်နိုင်သော အခွင့်ကာလ၊ မကောင်းသောအညစ်အကြေးဟူသမျှ စင်ကြယ်ပြီး ကောင်းမှု

http://www.dhammadownload.com



ကုသိုလ်များ တိုးပွားခြင်း၊ သံသရာခရီးသွားများ တွေ့ကြုံရမယ့် ခရီးကြမ်း အဆိုးခန္ဓာထဲမှ အကောင်းရှာတတ်ခြင်း၊ အပြောမဟုတ် အလုပ် သက်သေထူတတ်ခြင်း၊ အမှားကင်းပျောက် အမှန် ဘဝရောက်စေခြင်း၊ အပူမကပ် ဒုက္ခမထပ်ရ အောင် လွတ်မြောက် ကျင့်သုံးနိုင်ရန် ဟောဖော် ညွှန်ပြ ဆိုဆုံးမထားသောကြောင့် ဤတရားကို ပွားများကြိုးစားအားထုတ်ခြင်းဖြင့် ပစ္စုပ္ပန်၌ရော၊ တမလွန်ပါ ကောင်းကျိုးချမ်းသာများ ရရှိနိုင် စေရန် စေတနာကောင်းဖြင့် ပူဇော်ထုတ်ဝေအပ် ပါသည်။ ။

ဓမ္မောဟာဝေ ရက္ခတိတိ ဓမ္မစာရီ
ကိုသံချောင်း(ကျောက်ဖြူ)

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| (၁) | ဆုပေး | ၃ |
| (၂) | ဘုရားဂုဏ်တော်ရှိခိုးမြော် | ၅ |
| (၃) | ခန္ဓာထဲမှာ သစ္စာရှာ | ၈ |
| (၄) | ကာလ(၄)ပါး တရားအညှာ | ၁၁ |
| (၅) | ဆွေးနွေးတိုင်ပင် တရားချိန်ခွင် | ၁၃ |
| (၆) | အကုသိုလ်ညစ်ကြေး သမထရေနှင့်ဆေး | ၁၅ |
| (၇) | ပွပင်နှောက်ယှက် ပဲ့ကိုင်တက် | ၁၉ |
| (၈) | ဉာဏ်ယှဉ်ရှုပွား ဝိပဿနာတရား | ၂၅ |
| (၉) | လောကကျိုးများ အလင်းစွမ်းအား | ၂၇ |
| (၁၀) | အဝိဇ္ဇာမှောင်ခွင်း ဉာဏ်အလင်း | ၃၀ |
| (၁၁) | ခရီးဘယ်ဆီ လှမ်းနေသည် | ၃၃ |
| (၁၂) | ကြီးလေသမျှ ပျက်ဆီးကြ | ၃၅ |
| (၁၃) | အထုပ်ကြီးနှင့် ခရီးသည် | ၄၀ |
| (၁၄) | မြုပ်တုံပေါ်တုံ ဘဝသိုက်မြုံ | ၄၃ |
| (၁၅) | ကုသိုလ်ပန်းများ ပွင့်ကားနိုင်စေ | ၄၇ |
| (၁၆) | ဝန်ထမ်းဘဝရန်းမှလွတ် | ၄၈ |
| (၁၇) | ဉာဏ်မြင်မှန်သား ထင်ရှားပေါ်လာ | ၅၂ |
| (၁၈) | အပူကပ်တော့ ဒုက္ခထပ်မည် | ၅၄ |

http://www.dhammadownload.com


(၁၉) ပညာစက္ခု မျှော်ထောက်ရှု ၅၇

(၂၀) အလင်းပေါက်မှ စိုးကြောက်ထင်မည် ၅၉

(၂၁) အဆိုးထဲမှာ အကောင်းရှာ ၆၆

(၂၂) အပျင်းကြီးတော့ ဖျင်းပြီးလည်မည် ၆၈

(၂၃) အပြောမဟုတ် အလုပ်သက်သေ ၇၁

(၂၄) ကြောင်းကျိုးတန်တန် အဆိုးဖန် ၇၄

(၂၅) အဆိုးခန္ဓာ နတ်ဖန်ပါလိမ့် ၇၆

(၂၇) သူလည်းမပါ ကိုယ်ဗလာ ၈၅

(၂၈) တစ်ဖဝါးမကွာ သူလိုက်လာ ၈၈

(၂၉) သူ့ကိုဖြတ်မှ အေးချမ်းသာမည် ၈၉

(၃၀) ကြေးမုံဉာဏ်မှာထင်မြင်လာ ၉၃

(၃၁) အများကင်းပျောက် အမှန်ရောက် ၉၅

(၃၂) ခန္ဓာဒုက္ခ သက်သေပြ ၁၀၂

(၃၃) ပျားရည်တစ်စက် တစ်ခွက်တမာ ၁၀၆

(၃၄) သေမင်းလက်မှ ပြေးမလွတ် ၁၁၂

(၃၅) ကိုယ့်အချစ်ခွာ အနှစ်ကိုရှာ ၁၁၅

http://www.dhammadownload.com

# ဩကာသဘုရားရှိခိုး

ဩကာသ...ဩကာသ...ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် တပည့်တော်တို့ အား

http://www.dhammadownload.com


ထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာ ဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com


# ဆုပေး

ရှိခိုးသင့် ရှိခိုးထိုက်၊ ပူဇော်သင့် ပူဇော်ထိုက်သော ရတနာသုံးပါးကို ပူဇော်ခြင်းကြောင့် မိမိတို့သန္တာန်ထဲမှ ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်သော အန္တရာယ်ဘေးဒဏ် ရန်မာန်ခပ်သိမ်းတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင် လွင့်ပျောက်ပြီး အိုနာသေရေး ဒုက္ခဘေးမှ လွတ်ကင်းရာမှန် ပြည်နိဗ္ဗာန်ကို ရောက်စေနိုင်ကြောင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆုံးမတော်မူအပ်သော ဒေသနာတော်မြတ် ပါဠိလာရှိသည်နှင့်လျော်ညီစွာ ရှိခိုးခြင်း၏ တည်ရာ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ အရိုအသေပြုခြင်းငှာ ထိုက်တော်မူသောဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ သန္တာန်တော်ဝယ် ကိန်းနေတဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍

http://www.dhammadownload.com



ကာယ၊ ဝစီ၊ မနောချီလျက် အဉ္စလိ ညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်စေတနာ အပေါင်းတို့ကြောင့် မိမိတို့လိုလားအပ်သော၊ တောင့်တအပ် မြတ်နိုးအပ်သော မအို မနာ မသေ အမြဲနေရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်ကို ဉာဏ၊ ဉာဏခန္ဓာ၊ ဉာဏသနာတွင်းမှာပင်လျှင် အားထုတ်ဆဲဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်ကြပါစေ...။

*(ပေးတဲ့ဆုအတိုင်း ကျင့်သုံး၍ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား)*

http://www.dhammadownload.com


## ဘုရားဂုဏ်တော် ရှိခိုးမြော်

ဗုဒ္ဓဝန္ဒနာအားဖြင့် မြတ်စွာဘုရားကို ပူဇော်ကန်တော့ကြရအောင်...

**"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိခိုးကန်တော့ပါ၏ဘုရား...။ နမောတဿဂုဏ်တော်မှာ ဘဂဝါဂုဏ်ရှင်၊ အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်လို့ ဂုဏ်တော်သုံးပါး ပါတယ်နော်။ ဘဂဝါဂုဏ်တော်ဆိုတာ ဣဿရိယ, ဓမ္မ, ယသ, သီရိ, ကာမ, ပယတ္တလို့ဆိုတဲ့ ဘုန်းတော်ခြောက်လီနှင့် ပြည့်စုံတော်မူတဲ့ ဘဂဝါဂုဏ်တော်...

http://www.dhammadownload.com


လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ အရဟံ ဂုဏ်တော်...

သစ္စာလေးပါး မြတ်တရားကို ဆရာ မကူ သယမ္ဘုဉာဏ်တော်ဖြင့် မိမိအလိုလို သိမြင်တော်မူတဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်... ဟုတ်လား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟာ ဆရာမကူဘဲနဲ့ မိမိအလိုလို သယမ္ဘု ဉာဏ်တော်မြတ်ဖြင့် လောကမှာ မည်သည့် ပုဂ္ဂိုလ်မှမသိတဲ့ ဘာတရားလေးပါးကို မြင် ပါလိမ့်...။

*(သစ္စာလေးပါးတရားတော်ကိုပါဘုရား)*

ဟုတ်တယ်။ သစ္စာလေးပါး မြတ်တရား ကို မြင်တော်မူပါတယ်။ လောကမှာ ဘယ် ပုဂ္ဂိုလ်၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ မသိသေး သော သစ္စာလေးပါးကို သိတော်မူတယ် မဟုတ်လား။ အေး...အဲဒီသစ္စာလေးပါးကို သိတော့မှ လောကမှာ ဘယ်လိုပုဂ္ဂိုလ်လို့

http://www.dhammadownload.com


ဖြစ်လာခဲ့သလဲ...။

*(ဗုဒ္ဓလို့ ဖြစ်လာခဲ့ပါတယ်ဘုရား)*

ဗုဒ္ဓ...ဟုတ်တယ်နော်။ ပြန်ပြောပါဦး...ဘယ်လိုပုဂ္ဂိုလ်တဲ့လဲ...။

*(ဗုဒ္ဓပါဘုရား)*

ဗုဒ္ဓဆိုတာ သိစရာမှန်သမျှ အကုန်သိသောပုဂ္ဂိုလ်လို့ဆိုတယ်။ "ဗုဇ္ဈတီတိ ဗုဒ္ဓေါ" သိစရာတွေ အကုန်သိတယ်နော်။ အကုန်သိမြင်တော်မူတဲ့ ဗုဒ္ဓ။ အဲဒီလို ဗုဒ္ဓလို့ ပွင့်ထွန်း ပေါ်ပေါက်တော်မူလာတဲ့အခါ လူတွေ၊ နတ်တွေအတွက် ကျေးဇူးမများဘူးလား...။

*(များပါတယ်ဘုရား)*

"ဗုဒ္ဓေါ"လူနတ်ဦးခိုက် ပူဇော်တိုက်သည့် သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် **ဥပ္ပန္နော**–ပွင့်ထွန်း ပေါ်ပေါက်တော်မူလာခြင်းကြောင့် ဒေဝမနုဿာနံ–နတ်လူတို့၏ ဟိတာယ–အကျိုးစီးပွားငှာ၊ သုခါယ–ချမ်းသာခြင်းငှာ၊ လောကာနုကမ္ပာ

http://www.dhammadownload.com



ယ–လောကကိုစောင့်ရှောက်ဖို့ရာ၊ ဥပ္ပပန္နော–ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့လေပြီ။

## ခန္ဓာထဲမှာ သစ္စာရှာ

ဗုဒ္ဓဘုရားရှင်သည် လူနတ်ဗြဟ္မာတို့၏ အကျိုးစီးပွားအလို့ငှာ၊ ချမ်းသာခြင်းအလို့ငှာ ပွင့်ထွန်းပေါ်ပေါက်တော်မူလာတယ်လို့ဆိုပါတယ်။ ဒါဆိုရင် မိမိတို့ရဲ့စိတ်ထဲမှာ မြတ်စွာဘုရားအဆုံးအမတရားမတည်တံ့သေးဘူးဆိုရင် ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဖြစ်ပါ့မလား...။

*(မဖြစ်ပါဘုရား)*

ဘုရားပွင့်တာ မှန်ပါ့မလား...။

*(မမှန်သေးပါဘုရား)*

ဘုန်းကြီးတို့ပရိသတ်များ ဘုရားပွင့်တယ်ဆိုတာ ဘယ်မှာ ဘုရားပွင့်ရမှာတဲ့လဲ...။

*(ဉာဏ်မှာပါဘုရား)*

http://www.dhammadownload.com


ဘယ်မှာပွင့်ရမယ်...။

*(ဉာဏ်မှာပါဘုရား)*

ဟုတ်တယ်။ ဉာဏ်ထဲမှာ မြတ်စွာဘုရား ဆုံးမထားအပ်သော အကျင့်စရဏတွေ လိုက်နာကျင့်သုံးပြီးတော့ ဝိဇ္ဇာ ဉာဏ်အင်အားဓာတ်တွေ နှလုံးသားထဲမှာ ဖြည့်မယ်ဆိုရင် ကဲ...ဘုန်းကြီးတို့ ဒကာ,ဒကာမတွေရဲ့ စိတ်အစဉ်ထဲမှာ ဘယ်သူ့အဆုံးအမတည်ပြီ။

*(ဘုရားအဆုံးအမတည်တာပါဘုရား)*

အဲသလိုအဆုံးအမတည်တဲ့ပုဂ္ဂိုလ်ဟာ ဉာဏ်ထဲမှာ ဘာပွင့်တယ်...။

*(ဘုရားပွင့်တာပါဘုရား)*

ဘာသစ္စာကို မြင်လိုက်လို့ပါလိမ့်...။

*(ဒုက္ခသစ္စာပါဘုရား)*

ခန္ဓာကိုယ်တစ်ခုလုံးကို ဘာသစ္စာလို့ မြင်နေတယ်...။

*(ဒုက္ခသစ္စာလို့ပါဘုရား)*

http://www.dhammadownload.com


ဘာသစ္စာနဲ့မြင်တာတဲ့လဲ...။

*(မဂ္ဂသစ္စာနဲ့ပါဘုရား)*

အဲသလိုမြင်နေချိန်မှာ ဘာသစ္စာကို ပယ်နေတယ်...။

*(သမုဒယသစ္စာကိုပါဘုရား)*

ဘာသစ္စာဆိုက်ရန်အတွက်လဲ...။

*(နိရောဓသစ္စာဆိုက်ရန်အတွက်ပါဘုရား)*

နိရောဓသစ္စာဆိုက်ရန်အတွက်နော်။ ဪ...တစ်ကိုယ်လုံး ခန္ဓာငါးပါး ဒုက္ခသစ္စာမှန်းသိတယ်၊ သမုဒယသစ္စာကို ပယ်ရမယ့်လမ်းစဉ်ကို မြင်ထားတယ်၊ မဂ္ဂသစ္စာကို ပွားများတတ်တယ်။ နိရောဓသစ္စာကို ညွှတ်ကိုင်းတတ်တယ် ဆိုလိုက်ကတည်းက ခန္ဓာကိုယ်ထဲမှာ သစ္စာဘယ်နှစ်ပါး ပေါ်နေတယ်။

*(သစ္စာလေးပါးပါဘုရား)*

http://www.dhammadownload.com


# ကာလလေးပါးတရား အညွှာ

သစ္စာလေးပါးပေါ်တယ်နော်။ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဒုတိယပဏ္ဏာသပါဠိတော်မှာ ပထမကာလသုတ္တန် တစ်ခုရှိတယ်။ အဲဒီသုတ္တန်မှာ မြတ်စွာဘုရား ဘာပြောသလဲဆိုရင် ဘိက္ခဝေ–ငါ၏ချစ်သားရဟန်းတော်များတို့၊ ဘိက္ခဝေ–ချစ်သားချစ်သမီးတို့...၊ ကာလော စတ္တာရော–လေးပါးသော အခါကာလတို့သည်၊ လောကသ္မိံ–လောက၌၊ သန္တော သံဝဇ္ဇ မာနော–ထင်ရှားဖြစ်ပေါ်ခဲ့လေပြီ။ ချစ်သား,ချစ်သမီးတို့...လောကမှာ ကာလလေးပါး ရှိတယ်ကွယ်တို့...။ ကာလ ဘယ်နှစ်ပါးရှိတယ်လို့ ပြောပါလိမ့်...။

*(လေးပါးပါဘုရား)*

ကာလလေးပါးရှိတယ်တဲ့။ ပထမကာလသည်ကား သဒ္ဓမ္မသာဝန်–သူတော်ကောင်းတရား၊ သစ္စာတရား၊ ခန္ဓာတရားတို့ကို နာခံ

http://www.dhammadownload.com


မှတ်သားရခြင်းသည်၊ ပထမော–ပထမ ဖြစ်သော ကာလဖြစ်ပါပေ၏။ ချစ်သား, ချစ်သမီးတို့...လောကအလယ်မှာ လူရယ်လို့ ဖြစ်လာပြန်တော့ ဆုံးမအပ်သော တရားဓမ္မ ခန္ဓာငါးပါး၊ ဒုက္ခသစ္စာအပေါ်မှာ ကိုယ်ပိုင်ဉာဏ်တို့ဖြင့် ထိုးထိုးထွင်းထွင်း သိလာအောင် ခန္ဓာတရား၊ ရုပ်တရား၊ နာမ်တရား၊ ပရမတ်တရားတို့ကို ခန္ဓာကိုယ်ထဲမှာ ဉာဏ်နဲ့ကြည့်ခိုင်းတဲ့တရားကို နာရဖို့ရာ လွယ်သလား၊ ခက်သလား...။

*(ခက်ပါတယ်ဘုရား)*

ခက်တယ်နော်။ ဒါကြောင့်မို့လို့ သဒ္ဓမ္မသာဝနံ–သစ္စာလေးပါး မြတ်တရားကို၊ သာစေတိ–နာကြားကြရမယ်၊ ဘာတရားတွေနာရမယ် ပရိသတ်...။

*(သစ္စာလေးပါးတရားပါဘုရား)*

သစ္စာလေးပါးတရားနာရမယ်။ ခန္ဓာတရားတွေ နာရမယ်နော်။

http://www.dhammadownload.com



# ဆွေးနွေးတိုင်ပင် တရားချိန်ခွင်

ဒုတိယကာလက ဓမ္မသာကစ္ဆာတဲ့။ ဓမ္မသာကစ္ဆာ–နာကြားတဲ့တရားမှန်သမျှတွေကို တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ဆွေးနွေးရခြင်းသည်လည်း ဒုတိယကာလဖြစ်တယ်တဲ့။ တရားဆွေးနွေးရမယ်တဲ့ ပရိသတ်။ ဆရာသမားက ဟောဖော်ညွှန်ပြတဲ့တရားနဲ့ ကိုယ့်ခန္ဓာမှာ အားထုတ်လို့သိလာတဲ့ အသိဉာဏ်ခတ်နဲ့ ကိုက်ညီသလား၊ မကိုက်ညီဘူးလား ဆိုတာ မဆွေးနွေးရဘူးလား...။

*(ဆွေးနွေးရပါတယ်ဘုရား)*

မိမိတစ်ယောက်တည်း ဆွေးနွေးရခြင်းက တစ်မျိုး၊ တစ်ပါးသောပုဂ္ဂိုလ်များနဲ့ ဆွေးနွေးရခြင်းကတစ်မျိုး။ ဟုတ်လား။ မိမိဆွေးနွေးတယ်ဆိုတာ ဆရာသမားက တရားဟောသွားတယ်။ ဟောသွားတဲ့တရားလေးတွေကို ဉာဏ်လေးနဲ့မှီပြီး လိုက်လိုက်

http://www.dhammadownload.com



ပြီးတော့ သုံးသပ်နေတယ်ပေါ့။

သုံးသပ်နေတယ်၊ ဝေဖန်နေတယ်၊ စဉ်းစားနေတယ်။ ဩော်...ဒါ ခန္ဓာကိုယ်ထဲမှာ ပေါ်လာတဲ့တရားတွေ၊ ဒါတွေ တကယ်ရှိတဲ့တရားတွေပါလားလို့ မိမိစိတ်နဲ့ အမြဲမပြတ် သုံးသပ်နေတယ် ဒကာ,ဒကာမတို့...။ အဲဒါ တရားဆွေးနွေးနေတာ။ တစ်ခါတစ်ရံကျတော့ ကိုယ်ကမသိဘူး။ နားမလည်တဲ့ စကားလုံးတွေကို ဆရာသမားများထံ တင်ပြရတယ်။ ကိုယ်ကမှားယွင်းနေသလား။ မှားယွင်းနေတယ်လို့သိတယ်။ ဟောတဲ့တရားကတော့ အမှန်ပဲ။ သို့သော် ဟောတဲ့တရားအတိုင်း ကိုယ်ကမကျင့်သုံးတဲ့ခါကျတော့ စိတ်က လွဲချော်နေတတ်တယ်။ ဟောတဲ့ ပုဂ္ဂိုလ်က ခန္ဓာကိုယ်ကြည့်ပြီး တကယ့် ဓမ္မအစဉ်အတိုင်း ဓမ္မနိယာမအတိုင်း ဟောပေးပါတယ်။ ဟောပေးပေမဲ့ မိမိတို့ရဲ့ ဟဒယနှလုံးသားကို အမှတ်သညာလွဲချော်ပြီး ဝင်လာရင် လမ်းလွဲနေတတ်တယ်မဟုတ်လား။

http://www.dhammadownload.com



အဲဒီလို မသိဘူး။ လမ်းလွဲနေမှန်းလည်း မသိဘူး။ သံသယဝင်နေရင် လာဆွေးနွေးရတယ်။ တရားတွေလာလျှောက်ထားရတယ်။ အဲဒီလိုလျှောက်ထားခြင်းသည် တရားဆွေးနွေးတာ ဓမ္မသာကစ္ဆာဖြစ်တယ်။ တရားဆွေးနွေးခြင်းသဘောနော်။

## အကုသိုလ်ညစ်ကြေး သမထရေနှင့်ဆေး

တတိယအခါကာလက ဘာပြောသလဲ ဆိုရင် မြတ်စွာဘုရားက ဘိက္ခဝေ–သံသရာဘေး လာမယ့်အရေးကို မျှော်တွေးကြောင့်ကြ ချစ်သား,ချစ်သမီးတို့...။ တတိယကာလံ–တတိယအခါကာလသည်ကား၊ သမထော–စိတ်အစဉ်ကို ငြိမ်သက်အောင်၊ ဘာဝေတဗ္ဗန္တိ–ပွားများအပ်ပါ၏။ ကာလဆိုတဲ့နေရာမှာ တတိယကာလက သမထဘာဝနာကို ပွားများရမယ်တဲ့။ သမထကာလေ–မိမိစိတ်အစဉ်ကို နီဝရဏတရားတွေ ဆိတ်သုဉ်း

http://www.dhammadownload.com



အောင် ပြုပြင်ရခြင်းဆိုတဲ့ ကာလတစ်ပါး။ နီဝရဏဆိုတာ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိန–မိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စ–ကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ၊ အဝိဇ္ဇာနီဝရဏတည်းဟူသော နီဝရဏတရား ၆ ပါးတို့ ဆိတ်သုဉ်းရခြင်းသည် သမထော–သမထ ဖြစ်ပါပေ၏။ သမထဆိုတာ နီဝရဏတရားတွေ ဆိတ်သုဉ်းရတယ်။ နီဝရဏတရားဆိုတာ ဈာန်မဂ်ဖိုလ်တွေမရအောင် ပိတ်ပင်တားဆီးတတ်တဲ့တရားကိုခေါ်တယ်။ ကာမစ္ဆန္ဒနီဝရဏဆိုတာ လောကီအာရုံ ကာမဂုဏ်တွေကို တွေးတောပြီးတော့ စိတ်ကူးပြီးတော့နေခြင်းကို ခေါ်တယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါးအပေါ်မှာ ခုံမင်တပ်မက်တဲ့ စိတ်ဆန္ဒတရားတွေ ဆိတ်သုဉ်းနေရပါမယ်။ ဗျာပါဒနီဝရဏဆိုတာက မိမိရဲ့စိတ်အစဉ်မှာ နှလုံးမသာယာသောစိတ်တွေ ဖြစ်ပေါ်နေတာကို ခေါ်တယ်။ ဒါကြောင့် ဒုက္ခဝေဒနာ

http://www.dhammadownload.com



ကြောင့်လဲပဲ ဗျာပါဒဆိုတဲ့ နှလုံးမသာယာတဲ့ စိတ်ဆိုးစိတ်မိုက်တွေ မဖြစ်ပေါ်ရပါဘူးတဲ့။

ထိန–မိဒ္ဓ နီဝရဏခေါ်တဲ့ ထိုင်းထိုင်းမှိုင်းမှိုင်းလဲ မဖြစ်စေရအောင် သတိထားပေးရပါမယ်။ ဟုတ်လား။ ခန္ဓာကိုယ်ကြီး ထိုင်းမှိုင်းပြီး အိပ်ချင်ငိုက်မျဉ်းတဲ့စိတ်တွေ ပေါ်နေပြန်တော့ ဒီပုဂ္ဂိုလ် တရားတက်ပါ့မလား...။

*(မတက်ပါဘုရား)*

မတက်နိုင်ဘူးလို့ မြတ်စွာဘုရားက ဟောပေးတယ်နော်။ ဥဒ္ဓစ္စ–ကုက္ကုစ္စနီဝရဏ၊ ဥဒ္ဓစ္စဆိုတာ စိတ်တွေပျံ့လွင့်နေတယ်။ ကမ္မဋ္ဌာန်း မှတ်တဲ့အခါ စိတ်က ဟိုရောက် ဒီရောက်၊ ဟိုတွေးတော ဒီတွေးတော အဲသလိုကြံစည်စိတ်ကူး တွေးတောနေတဲ့ ပုဂ္ဂိုလ်သန္တာန်စိတ်ထဲမှာ သမာဓိဖြစ်ပါ့မလား...။

*(မဖြစ်ပါဘုရား)*

http://www.dhammadownload.com



စိတ်ငြိမ်သက်မှု ရပါ့မလား...။

(မရပါဘုရား)

မရနိုင်ပါဘူး။ ဒါကြောင့်မို့လို့ စိတ်ကူး ပေါ် ပေါ်မှန်းသိပါလို့ ဘုန်းကြီးတို့ အမြဲ တမ်း ပြောနေပါတယ်။ ဥဒ္ဓစ္စဆိုတာ စိတ် တွေက ပျံ့လွင့်နေတာ။ ကုက္ကုစ္စဆိုတာ ပြီးခဲ့ တာတွေကို နောင်တတစ်ဖန်ပူပန်နေတာ။ အို...ငါအတိတ်ကလုပ်မိတာ မှားပြီထင်ပါ ရဲ့၊ အတိတ်ကပြောမိဆိုမိတာလေး ဘယ် လို၊ ဘယ်အချိန်တုန်းက ပြောလိုက်တာ မှားပြီထင်ပါရဲ့ဆိုပြီး တရားအားထုတ်စဉ် တုန်းမှာ နောင်တတွေဖြစ်တတ်တယ်။ အဲဒီ နောင်တကို ကုက္ကုစ္စလို့ခေါ်တယ်။ အဲဒီစိတ် တွေကိုလဲ မဖြစ်ပေါ်စေရပါဘူးတဲ့။ မလ္လိကာ ကြည့်ပါလား။ မလ္လိကာဟာ သူမတူတဲ့ ဒါန ပြိုင်ပွဲမှာ ဆင်နွှဲပြီးလာတဲ့ ဘုရင့်မိဖုရားကြီး။ သေခါနီးဆဲဆဲမှာ ကုက္ကုစ္စဝင်လာနှောင့်ယှက် လို့ တစ်ခါတည်း ငရဲကိုရောက်ရတယ်။

http://www.dhammadownload.com



ဟုတ်ကဲ့လား။ ဘယ်သူက နှိပ်စက်တာပါ လိမ့်...။

(ကုက္ကုစ္စကပါဘုရား)

## ပူပန်နှောင့်ယှက် ပဲ့ကိုင်တက်

ကုက္ကုစ္စက ဝင်လာနှောင့်ယှက်တာ။ ကုက္ကုစ္စဆိုတာ နောင်တပူပန်ခြင်း...သဘော ပေါက်ပြီနော်။

ပြီးတော့ တိဿမထေရ်ကြီး ကြည့်ပါဦး။ အနှစ်ခြောက်သောင်းတိုင်တိုင် သီလ စောင့်ထိန်းခဲ့တဲ့ ပုဂ္ဂိုလ်ကြီး။ ဘာမဟုတ်တဲ့ ပိန်းကြာပင်လေးတစ်ပင်ကို သွားပြီးတော့ ဆွဲမိတာ အာပတ်သင့်တာလေးအတွက် ဒေသနာမကြားခဲ့ရတာကို ပျံလွန်တော်မူခါနီး လေးမှာ ကုက္ကုစ္စဝင်လာတယ်။ ဩော်...ငါ ဒေသနာမကြားခဲ့ပါပေါ့လား။ ငါ အာပတ် သင့်ခဲ့ပါလား။ မှားပြီဆိုပြီး အနီးအနားကို ကြည့်တော့လည်း ရဟန်းတော်တွေ တစ်ပါး မှ မတွေ့ဘူး။ အဲဒီ ကုက္ကုစ္စတရားက ဝင်

http://www.dhammadownload.com



လာနှောင့်ယှက်ပြီး ကုက္ကုစ္စအာရုံတရားတို့ဖြင့် ဖြုန်းခနဲ စုတေစိတ်ကျတဲ့အခါ ဒကာ, ဒကာမအပေါင်းတို့ရေ…ဘာဖြစ်သလဲဆိုရင် ဧကေရပတ္တနဂါးကြီး သွားဖြစ်တယ်။ အဲဒါ ဘာရဲ့စွမ်းအားလဲဆိုရင် ကုက္ကုစ္စရဲ့စွမ်းအားနော်။ ပျော်စရာကြီးလား၊ ကြောက်စရာကြီးလား…။

*(ကြောက်စရာကြီးပါဘုရား)*

ဘာမကိန်းသေးတဲ့ပုဂ္ဂိုလ်လဲဆိုရင် တရားထူးတရားမြတ် ဝိပဿနာဉာဏ်မကိန်းသေးသောပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်နိုင်တဲ့ အကုသိုလ်စွမ်းအားတွေနော်။ ဒါဆိုရင် ဥဒ္ဓစ္စ–ကုက္ကုစ္စနီဝရဏဆိုတဲ့ အကုသိုလ်စိတ်တို့ကို လက်ခံရမှာလား၊ လက်မခံရဘူးလား…။

*(လက်မခံရပါဘုရား)*

ဒီအာရုံတွေ မပေါ်ပေါက်ရလေအောင် သမထဆိုတဲ့ 'သတိ'ဦးဆောင်သောစိတ်တို့

http://www.dhammadownload.com



ဖြင့် ရှုမှတ်နေရမယ်မဟုတ်လား။ ပြီးတော့ ဝိစိကိစ္ဆာနီဝရဏ…တဲ့။ ယုံမှားသံသယစိတ်တွေနဲ့ တွေးတောနေတာ။ ငါအားထုတ်နေတာ မှန်မှမှန်ပါ့မလား။ မှားများမှားနေသလားမသိဘူး။ ငါမှတ်တာလဲကြာပြီ၊ တွေ့ကို မတွေ့ဘူး။ ဖြစ်ပျက်ကိုလဲ မမြင်ဘူး။ ဘုန်းကြီးကလဲ ဖြစ်ပျက်ဟောတာပဲ၊ ငါ ဖြစ်ပျက်မတွေ့ပါလား။ ငါအားထုတ်တာ လမ်းမဟုတ်သေးဘူးထင်တယ်။ ဝိပဿနာ မဟုတ်ဘူးထင်တယ်။ ဟော…တွေးတောလာပြီ ဟုတ်လား။ သံသယတွေဝင်လာတယ်။ အဲဒီသံသယဝင်ခြင်းကို ဝိစိကိစ္ဆာလို့ ခေါ်ပါတယ်။ ဘာလို့ခေါ်ပါလိမ့်…။

*(ဝိစိကိစ္ဆာပါဘုရား)*

အဲဒီဝိစိကိစ္ဆာနီဝရဏတည်းဟူသော သံသယပေါ်လာတော့ ဒီပုဂ္ဂိုလ်သန္တာန်မှာ စိတ်ငြိမ်သက်မှုရပ့ါမလား…။

*(မရပါဘုရား)*

http://www.dhammadownload.com



မရနိုင်ဘူးနော်။ ဒါကြောင့် ဒီဝိစိကိစ္ဆာစိတ်တွေကိုလည်း မပေါ်ရအောင် သတိနဲ့စောင့်ထိန်းရမယ်။ ဒီလိုဆိုလိုတယ်နော်။ နောက်တစ်ခုက အဝိဇ္ဇာနီဝရဏလို့ခေါ်တဲ့ မောဟတွေ ဝင်လာတတ်တယ်။ တစ်ခါတစ်ရံ မှတ်ရင်းမှတ်ရင်းနဲ့ မှတ်စရာမရှိဘဲ မေ့မြောပြီးနေတတ်ပြန်တယ်။ တွေဝေ မေ့မြောပြီးသကာလ ဘာမှတ်ရမှန်းမသိဘဲ ဖြစ်နေတတ်တယ် ဟုတ်လား။ ကိလေသာအာရုံနောက်ကိုလိုက်ပြီး မေ့မြောနေပြန်တော့လဲ မိမိစိတ်အစဉ်မှာ တည်ငြိမ်မှု ရရှိနိုင်ပါ့မလား...။

*(မရနိုင်ပါဘုရား)*

မရဘူးနော်။ ဒါကြောင့်မို့ မြတ်စွာဘုရားက သမထော– ငြိမ်သက်လှစွာသော၊ ကမ္မံ–ကုသိုလ်ကံကို၊ ဘာဝေတဗ္ဗံ–ပွားများအပ်ပါပေ၏။ ဘာဝေယန္တော–ပွားများအားထုတ်သော၊ ကာလော–ကာလသည်ကား၊ သန္တိ–ရှိပါပေ၏။ ချစ်သားတို့၊ ချစ်သမီးတို့

http://www.dhammadownload.com


နံပါတ်(၃)ကာလက ဘာပွားများအပ်သလဲ...။

*(သမထတရားပါဘုရား)*

သမထဘာဝနာကိုပွားများရမယ်။ အဲဒီသမထဘာဝနာဆိုတာ ဝင်လေ,ထွက်လေကို အခြေခံထားပြီးတော့ မှတ်နေတာ။ ဝင်လေထွက်လေတစ်ခုတည်း မှတ်နေတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မကြည့်ဘူး။ အနိစ္စမထင်ရဘူး၊ ဒုက္ခမထင်ရဘူး၊ အနတ္တမထင်ရဘူး၊ ဖြစ်ပျက်မမြင်ရဘူး။ ဝင်လေ ထွက်လေဆို ဝင်လေထွက်လေ တစ်ခုတည်းပဲ မှတ်နေရတယ်။

"အာရုံတစ်ခု စွဲမြဲရှု သမထစျာန်ဟုခေါ်"

အာရုံတစ်ခုတည်းပေါ်မှာ စိတ်တွေ စွဲစွဲမြဲမြဲမှတ်နေတာဟာ သမထဘာဝနာ။ နာလို့ရှိရင် နာတယ်လို့ တစ်ခုတည်းမှတ်နေတာ။ နာတယ် နာတယ်လို့ တန်းစီပြီး မှတ်

http://www.dhammadownload.com



နေရတာပဲ။ ကျင်လို့ရှိရင် ကျင်တယ်၊ ကျင်တယ် တန်းစီပြီး မှတ်နေရတာမျိုး။ အဲဒါ သမထ ဟုတ်လား ဒကာ,ဒကာမတွေ။ အောင့်ရင်လဲ အောင့်တယ် အောင့်တယ်။ မြင်ရင်လဲ မြင်တယ်။ ကြားရင်လဲ ကြားတယ်။ နံ့ရင်လဲ နံ့တယ်။ အဲဒီလို တန်းစီပြီး မှတ်နေရတာ...ဟုတ်လား။ အဲဒါဟာ ဘာလဲဆိုရင်...

*(သမထပါဘုရား)*

သမထတရား။ စိတ်ငြိမ်သက်အောင် လုပ်နေခြင်းသဘောနော်။ မြတ်စွာဘုရားက ဒီအလုပ်ကိုလဲပဲ အားထုတ်အပ်တယ်လို့ မိန့်တော်မူပါတယ်။

သမထော-ငြိမ်သက်လှစွာသော သမထဘာဝနာတရားကိုလဲ၊ ဘာဝေတဗ္ဗန္တိ-ပွားများအားထုတ်အပ်ပါပေ၏...လို့ ကာလသုံးပါးထဲမှာ နံပါတ်(၃)အနေအားဖြင့် ဟောတော်မူပါတယ်။

http://www.dhammadownload.com


# ဉာဏ်ယှဉ်ရှုပွား ဝိပဿနာတရား

ပြီးတော့ စတုတ္ထမြောက်အနေနဲ့...

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘာဝနံ–ခန္ဓာငါးပါး ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့အပေါ်မှာ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပြီးတော့ ရှုမှတ်ဆင်ခြင်ပွားများ အားထုတ်သည်ရှိသော်၊ အယံ နာမရူပံ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ယထာဘူတံ ပဇာနာတိ။

အနိစ္စတော ဒုက္ခတော အနတ္တတော ဇာနန္တော ပဿန္တော အာသဝနံ ခယံ ဝဒါမိ။

ဘိက္ခဝေ ပရိသတ်လေးပါး အိုချစ်သား, ချစ်သမီးတို့...အယံနာမရူပံ–ဤရုပ်တရား နာမ်တရားတို့ကို၊ အနိစ္စတော–မမြဲဟူ၍လည်းကောင်း၊ ဒုက္ခတော–ဆင်းရဲသောသဘောဟူ၍လည်းကောင်း၊ အနတ္တတော–ကိုယ်မပိုင်သောသဘောဟူ၍လည်းကောင်း၊ ဇာနန္တော–သိသောပုဂ္ဂိုလ်သည်၊ ပဿန္တော–

http://www.dhammadownload.com


မြင်သောပိုဂ္ဂိုလ်သည်၊ ခယံ အာသဝနံ–ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတည်းဟူသော အာသဝေါတရား လေးပါးတို့ဝယ် ဒိဋ္ဌာသဝတည်းဟူသော အာသဝေါတရား ကုန်ဆုံးရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်စေနိုင်ပါပေ၏။

တံ ဝိပဿနာ ဘာဝန္တော–ဝိပဿနာဆိုသော ဘာဝနာတရားတို့ကို ပွားများအားထုတ်အပ်သော အချိန်ကာလပါပေတည်းလို့ ကာလ(၄)ပါးကို အမိန့်ရှိတယ် ဒကာ,ဒကာမတို့။

နံပါတ်(၁) ဘာကာလတဲ့လဲဆိုရင် တရားတော်ကိုနာရခြင်း သဒ္ဓမ္မသာဝနံကာလ၊

နံပါတ်(၂)က တရားတော်မြတ်အပေါ်မှာ ဆွေးနွေးတိုင်ပင်ခြင်းတည်းဟူသော ကာလ၊

နံပါတ်(၃)က သမထဘာဝနာတရားကို ပွားများအားထုတ်ရခြင်းကာလ၊

နံပါတ်(၄)က ဝိပဿနာ တရားထူး

http://www.dhammadownload.com



တရားမြတ်ကို ကျင့်ကြံပွားများအားထုတ်ရခြင်းကာလ ဆိုပြီး ဘယ်နှစ်ပါးပါလိမ့်ပရိသတ်...။

*(လေးပါးပါဘုရား)*

လေးပါးအမိန့်ရှိတယ်နော်။ အဲဒီကာလသုတ္တန်နဲ့ တစ်ဆက်တည်းပဲ မြတ်စွာဘုရားက ပဗ္ဗောတသုတ္တန်မှာ အရောင်လေးမျိုးကို ခွဲခြားပြထားသေးတယ်။ အဲဒီအရောင်လေးမျိုးမှာ...

## လောကကျိုးများ အလင်းစွမ်းအား

နံပါတ်(၁)အရောင်က 'စန္ဒော ပဗ္ဗောတ စတ္တာရော ဘိက္ခဝေ ပဘာသန္နာတိ' ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းတော်များတို့... ပဗ္ဗောတံ-အရောင်အလင်းတို့သည်၊ စတ္တာရော-လေးပါးရှိပါပေ၏။ ကတမေ-အဲဒီအရောင်အလင်းတို့သည် အဘယ်အရာများနည်းဟု မေးခဲ့ပြီးအံ့။

http://www.dhammadownload.com



စန္ဒ ပဇ္ဇောတော-'လ'တည်းဟူသော အရောင်အလင်းသည် လည်းကောင်း၊ သူရိယ ပဇ္ဇောတော-'နေ'တည်းဟူသော အရောင်အလင်းသည်လည်းကောင်း၊ အဂ္ဂိ ပဇ္ဇောတော-'မီး'တည်းဟူသော အလင်းရောင်သည်လည်းကောင်း၊ ပညာပဇ္ဇောတော-ပညာတည်းဟူသော အလင်းရောင်သည် လည်းကောင်း၊ အတ္ထိသန္တိ-လေးပါးရှိပါပေ၏။

တံ စတ္တာရော-ထိုလေးပါးသော အလင်းရောင်တို့တွင်၊ ပညာပဇ္ဇောတောတိ ပညာပဇ္ဇောတော-ပညာတည်းဟူသော အရောင်အလင်းသည်၊ အဂ္ဂံ အဂ္ဂေါတိ-မြတ်၏ဟူ၍၊ တွံ-သင်တို့ဆရာ ငါဘုရားသည်၊ ဝဒါမိ-မိန့်တော်မူခဲ့လေပြီ။

လောကမှာ နေတည်းဟူသော အရောင်အလင်းတွေရှိနေတယ်။ နေသည် နံနက်မိုးလင်းမှ ည ၆ နာရီပတ်ဝန်းကျင်ထိ လင်းနိုင်တယ်။ ညဘက်အခါမှာ နေရောင်ခြည်

http://www.dhammadownload.com



လင်းလို့ ရရဲ့လား...။

(မရပါဘုရား)

စန္ဒပဇ္ဇောတော–လတည်းဟူသော အရောင်အလင်းသည်သာ ညအခါ လင်းနိုင်တယ်။ ဟုတ်လား။ လဆိုတာ အမြဲတမ်း ရှိရဲ့လား...။

(မရှိပါဘုရား)

ဒကာ,ဒကာမတွေ တော်ကြာ လပြည့်မှ လကွယ်တဲ့အချိန် ရောက်သွားပြန်ပြီ၊ တော်ကြာ လဆန်းအချိန်ရောက်သွားပြန်ပြီ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နေတည်းဟူသော အရောင်အလင်းသည် လောကသူ လောကသားများအတွက် မပြည့်စုံသေးဘူး။

လတည်းဟူသော အရောင်အဆင်းသည်လည်း လောကသူ လောကသားများ အတွက် မပြည့်စုံသေးဘူး။

အဂ္ဂိဆိုတဲ့ မီးအလင်းရောင်သည်လဲ မပြည့်စုံပါဘူး။ လျှပ်စစ်မီးသီး၊ လျှပ်စစ်

http://www.dhammadownload.com



မီးချောင်း ရှိတဲ့နေရာလောက်သာ လင်းတယ်။ မီးမထွန်းတဲ့ တောင်လိုဏ်ဂူကြားထဲမှာ လင်းနိုင်ရဲ့လား ပရိသတ်...။

*(မလင်းနိုင်ပါဘုရား)*

## အဝိဇ္ဇာမှောင်ခွင်း ပညာအလင်း

မလင်းနိုင်ဘူးတဲ့။ ခန္ဓာကိုယ်ကြီးကိုလည်း အလင်းရောင် အလင်းဓာတ်တွေ မပေးနိုင်ပါဘူး။ အဲဒီသုံးပါးတို့သည် အလင်းရောင်တော့ အလင်းရောင်ပါပဲ။ ဒါပေမဲ့လဲ တကယ့်ကို အထွတ်အထိပ်ကို အမှောင်ခွင်း၍ အလင်းဓာတ်မရသေးဘူး။ ဘယ်အလင်းရောင်သည် အမြတ်ဆုံးလဲဆိုတော့ ဘုရားက ပညာပဇ္ဇောတောတိ ဒီလိုဆိုတယ်နော်။

ဝိပဿနာတည်းဟူသော ဉာဏ်ပညာအလင်းရောင်သည် ပဇ္ဇောတော လောကအလယ်မှာ အလွန်တရာ တင့်တယ် တောက်ပ အလင်းဓာတ်ပေးပါ၏။ ပညာအလင်းသည် တကယ့်အလင်းရောင်အမှန်ပဲတဲ့ ပရိသတ်။

http://www.dhammadownload.com



အလင်းလေးပါးထဲဝယ် ပညာအလင်းသည် အမြတ်ဆုံးဖြစ်တယ်။ ဟုတ်လား။ နားလည်တယ်နော်။ ဘာသည် အမြတ်ဆုံး အလင်းဆုံးတဲ့လဲ...။

*(ပညာအလင်းပါဘုရား)*

လောကီပညာဘွဲ့ဒီဂရီရထားခြင်းသည် ကောင်းပါတယ်။ လောကီဘွဲ့ဒီဂရီ ရထားတဲ့ ပုဂ္ဂိုလ်များဟာ လောကီလုပ်ငန်းပိုင်း လုပ်တဲ့နေရာမှာ လွယ်လင့်တကူ အလုပ်လုပ်နိုင်တယ်။ တစ်ဘဝအတွက် ပစ္စုပ္ပန်ဘဝ အတွက်ပေါ့နော်။ ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းများ စာရေးသောက်ရေးအတွက် ဘွဲ့ဒီဂရီရထားတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်ဌာနဝင်ရောက် ဝင်ရောက် အဆင်ပြေသလိုပေါ့။ နားလည်တယ်နော်။

လောကုတ္တရာပညာတည်းဟူသော ဝိပဿနာ ပညာတရား ရှိတဲ့ပုဂ္ဂိုလ်ဟာလည်း တစ်လောကလုံးကို ထွန်းလင်းတောက်ပ

http://www.dhammadownload.com



နိုင်တယ်။

ရူပံလောကာ–ရုပ်လောကကို လည်းကောင်း၊ နာမံလောကာ–နာမ်လောကကို လည်းကောင်း၊ ပဘာသန္တိ–အမြဲမပြတ် ထွန်းလင်းတောက်ပနိုင်ပါပေ၏။ အဲဒီ လောကုတ္တရာပညာတည်းဟူသော ဝိပဿနာဉာဏ်က ရုပ်ခန္ဓာကိုယ်ကြီးကို ဖောက်ထွင်းပြီးတော့ မြင်နိုင်စွမ်းတယ်။ ဟုတ်လား။ နာမ်တည်းဟူသော စိတ်ပိုင်းဆိုင်ရာတွေကို လည်း ဖောက်ထွင်းပြီးတော့ မြင်နိုင်စွမ်းတဲ့ သတ္တိရှိတယ်။ ဟုတ်လား...ဒကာ,ဒကာမ တို့...။

အဲဒီ စိတ်–၈၉ ပါး၊ ရုပ်–၂၈ ပါးတို့ကို တစ်ခုမကျန် အကုန်လုံးဖောက်ထွင်းပြီး မြင်နိုင်စွမ်းတာက ဝိပဿနာဉာဏ်နော်။ ခန္ဓာကိုယ်ကြီးအပေါ်မှာ အဲဒီဝိပဿနာဉာဏ်စွမ်းအားလေးနဲ့ ထောက်ပြီးတော့ ကြည့်မယ်။ မမ္မစွမ်းအားလေးကိုယူပြီးတော့ ဟောဒီခန္ဓာကိုယ်ကြီးကို ဉာဏ်လေးနဲ့ အကဲခတ်ပြီး

http://www.dhammadownload.com



တော့ ကြည့်လိုက်သည်ရှိသော် ရုပ်နာမ်ခန္ဓာ သင်္ခါရတို့သည် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရေ အနိစ္စသဘောလား၊ နိစ္စသဘောလား...။

*(အနိစ္စသဘောပါဘုရား)*

## ခရီးဘယ်ဆီလှမ်းနေသနည်း

အနိစ္စတော–ဘာတစ်ခုမှ မြဲမြံခိုင်ခံ့ခြင်း မရှိပါဘူးတဲ့။ ဟုတ်လား ပရိသတ်။ ဘာဖြစ်လို့ အနိစ္စခေါ်သလဲဆိုတော့ **ခယဋ္ဌေန** ကုန်ခန်းပျက်စီးနေခြင်းကြောင့် အနိစ္စလို့ ခေါ်တယ်။ မိမိတို့စားထားတဲ့အစာတွေ မနက်ပိုင်းထည့်ထား ညနေ ကုန်ပြီ။ ညနေ ထည့်လဲ မနက်ဆို ကုန်ပြန်ပြီ။ တော်တော် ကြာ ရေသောက်၊ ခဏနေ ရေဆာနေပြန် ပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကုန်ခန်းနေလို့ ဟုတ်လား။ ပ၊ အာ၊ ဝါ၊ တေ ခေါ်တဲ့ (ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော) ဓာတ်ကြီးလေးပါးတို့က အမြဲတမ်း ဖောက်

http://www.dhammadownload.com



ပြန်နေတယ်။ ခန္ဓာတစ်ကိုယ်လုံးမှာ ပိုးမျိုး ၈၀ တို့က အမြဲမပြတ်စားသုံးနေခြင်းကြောင့် ကုန်ဆုံးနေတယ်။ ဒါကြောင့် မြတ်စွာဘုရားက ပညာအလင်းရောင်ဓာတ်ကိုယူပြီးတော့ ဉာဏ်နဲ့ကြည့်ရှုသည်ရှိသော် ခယဓမ္မေန အမြဲမပြတ် ကုန်ခန်းပျက်စီးနေသောကြောင့် အနိစ္စ အမြဲမရှိလေစွတကား။ ဘယဓမ္မေန–အမျိုးမျိုး အိုဘေး နာဘေး သေဘေးတို့ဖြင့် ရင်ဆိုင်ပြီး တွေ့နေရခြင်းကြောင့်၊ ဒုက္ခ–အသက်ရှူမရလောက်အောင် ပင်ပန်းလှလေပြီတကား။ ဒုက္ခဆိုတာ ပရိယတ်အပေါင်း သူတော်ကောင်းတို့ရေ...ဘေးများတာ ဒုက္ခ။ ဘေးအန္တရာယ်တွေနဲ့ အမြဲမပြတ်ရင်ဆိုင်နေရခြင်းကို ဒုက္ခလို့ခေါ်တယ်။ ဘာဘေးတွေနဲ့ ရင်ဆိုင်နေရတာလဲဆိုရင်...

အိုဘေးနဲ့ရင်ဆိုင်ကြတယ်၊ နာဘေးနဲ့ ရင်ဆိုင်ကြတယ်၊ သေဘေးနဲ့ရင်ဆိုင်ကြရတယ်...ဟုတ်လား။

http://www.dhammadownload.com



"အိုဘေးကိုထမ်း၊ နာဘေးလမ်း ပြေး လှမ်းနေပြီ အို ယောဂီ"

"နာဘေးကိုထမ်း၊ သေဘေးလမ်း ပြေး လှမ်းနေပြီ အို ယောဂီ"

အိုဘေးက နာဘေးဆီကို ရှေးရှုသွား နေသလို၊ နာဘေးက သေခြင်းထဲကို လှမ်း လှမ်းသွားနေတယ်။ သေမင်းထံသို့ မရောက် မချင်း သွားနေရတာ "အိုနာသေရေး ဒုက္ခ ဘေးမှ လွတ်ငြိမ်းခွင့်တန်ပြီ အိုယောဂီ" အိုနာသေရေး ဒုက္ခဘေးတို့မှ လွတ်ငြိမ်း ချမ်းသာခွင့်ရတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ တန်ပြီလို့ ဆိုလိုတာနော်...ဟုတ်လား...။

## ကြီးလေးသမျှ ပျက်စီးကြ

ဘုရားကိုယ်တော်မြတ်ကြီးက စန္ဒ ပဇ္ဇောတော၊ သူရိယ ပဇ္ဇောတော၊ အဂ္ဂိ ပဇ္ဇောတော ဤသုံးပါးသောတရားတို့ဖြင့် ပဘာသန္တိ လူသားတွေအတွက် အလင်း

http://www.dhammadownload.com



ခါတ်ကို အပြည့်အဝမရနိုင်သေးဘူး… ဟုတ်လား ပရိသတ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာတည်းဟူသော အလင်းရောင်လိုနေလို့။ အဲဒီပညာတည်းဟူသော အလင်းရောင်က ဘုရားတစ်ဆူပွင့်မှ တစ်ခါ ကြားနာခွင့် ရတာ။ ဘုရားတော့ပွင့်နေပါရဲ့၊ ဟောဖော် ညွှန်ပြတဲ့ ပုဂ္ဂိုလ်တွေ မရှိပြန်တော့လဲ ဒီ ဘာဝနာတရားတွေ နာခွင့် ရ,မရ။

*(မရပါဘုရား)*

မရဘူး ဒကာ,ဒကာမတို့။ ဝိပဿနာ ဘာဝနာဆိုတာက ပါးစပ်ဖျားနဲ့ လမ်းဆုံး လို့ ဖြစ်တာမှ မဟုတ်ဘဲ။ ဝိပဿနာတရား ဆိုတာ ဘာလုပ်ယူရတယ်…။

*(ကျင့်ရပါတယ်ဘုရား)*

လက်တွေ့ကျင့်ရတယ်။ လက်တွေ့ ကျင့်သုံးဖန်များလာတော့မှ ရုပ်နာမ်တရား တွေ သိလာတယ်။ ဟောဒီခန္ဓာကိုယ်ထဲမှာ ဖောက်ပြန်မှုမြောက်မြားစွာရှိနေတာ တွေ့

http://www.dhammadownload.com



လာတယ်။ ဖောက်ပြန်မှုမှန်သမျှတွေကို လိုက်လိုက်ပြီး သိနေတဲ့ အသိစိတ်တွေကို လည်း သိလာနေတယ်။ နာမရူပ ပရိစ္ဆေဒ ဉာဏ် ဖြစ်လာတာ။ ရုပ်ပိုင်းဆိုင်ရာ နာမ် ပိုင်းဆိုင်ရာတို့မှာ အမြဲမပြတ် သုံးသပ်တတ် တဲ့ **ပစ္စယပရိဂ္ဂဟာ**ဉာဏ် ဖြစ်လာတယ် မဟုတ်လား။ ဩော်...ဒီရုပ်တရား၊ နာမ် တရားတို့သည် အလိုလို မိုးပေါ်ကကျလာ တာ မဟုတ်။ အကြောင်းကြောင့် ရတာ။ အကြောင်းကြောင့်ဖြစ်ပေါ်လာသော အာရုံ နိမိတ်တို့သည် ပျက်စီးတတ်တယ်။ ဖြစ်ပေါ် လာသော အာရုံတရားတို့သည် ပျက်စီး တတ်တယ်မဟုတ်လား...။

*(တင်ပဲ့ဘုရား)*

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ တစ် လောကလုံးမှာ သက်ရှိနဲ့ သက်မဲ့ ၂ ခုပဲ ရှိပါတယ် ဒကာ,ဒကာမတို့။ အဲဒီသက်ရှိ ဆိုတဲ့ သတ္တဝါတွေဟာ ပျက်စီးတတ်သလို၊ သက်မဲ့ဖြစ်တဲ့ တောတောင်ရေမြေ သစ်ပင်

http://www.dhammadownload.com



တို့ကို ကြည့်လိုက်ပြန်တော့လဲ သူလဲ ပျက်စီးတတ်တာပဲ။ သစ်ပင်ကြီးတွေ လှမ်းကြည့်။ သစ်ပင်ကြီးတွေဟာ ငယ်ရာကနေ ကြီးလာတယ်။ ကြီးဖန်များလာတဲ့အခါကျတော့ ဘာဖြစ်လာသလဲဆိုရင် အလွန်အသက်ကြီးတဲ့ သစ်ပင်များဟာ အလယ်က အခေါင်းကြီး ဖြစ်လာတယ်။ ပိုးတွေစားလာတယ်။ နောက်ဆုံးကျတော့ လေပြင်းတိုက်ခတ်လာတော့ ခါးကျိုးပြီး လဲကျပျက်စီးရတယ်ပရိသတ်။ သစ်ပင်ကြီးလာရင် ထင်းဖြစ်ဖို့ နီးလာတယ်လို့ ပြောဖူးတယ်မဟုတ်လား။ သစ်ပင်ကြီးလာရင် ထင်းဖြစ်ဖို့ နီးလာတယ်။ လူတွေကြီးလာရင် တွင်းထဲဝင်ဖို့ နီးလာတယ်နော်။ ဒါကြောင့် သစ်ပင်ကြီးရင် ထင်း၊ ဝက်တွေကြီးရင် ဟင်း။ လူကြီးတော့ တွင်းတဲ့။ ဟင်းမလုပ်နဲ့နော်။ လူကြီးတော့ ဘာနဲ့နီးတယ်။ တွင်းထဲဝင်ဖို့ နီးလာတယ်။ ဟုတ်လား ပရိသတ်။ ဟောဒီလောကထဲမှာ ပုပုရွရွမြင်သမျှကုန်သော သက်ရှိသက်မဲ့ မှန်

http://www.dhammadownload.com



သမျှသော လက်ညှိုးထိုးပြစရာ မှန်သမျှတို့သည် မြဲမြံခိုင်ခံ့ခြင်းမရှိကြဘူး ဟုတ်လား။ သတ္တလောကဟာလဲပဲ မြဲမြံခိုင်ခံ့ခြင်းမရှိကြဘူး။ ဩကာသလောကဆိုတဲ့ တောတောင်ကန္တာရတွေဟာလဲပဲ မြဲမြံခိုင်ခံ့ခြင်း မရှိကြဘူး။ သင်္ခါရလောကခေါ်တဲ့ ရုပ်လောက၊ နာမ်လောကတရားထဲမှာလဲပဲ ဘာတစ်ခုမှ မြဲမြံခိုင်ခံ့ခြင်းမရှိ။

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတည်းဟူသော လောကသုံးပါးတို့မှာ ဖြစ်ကြကုန်သော သက်ရှိသက်မဲ့မှန်သမျှတို့သည် မြဲသလား၊ မမြဲဘူးလား...။

*(မမြဲပါဘုရား)*

ဘာကြောင့် မမြဲတာလဲဆိုရင်ကော...။

*(ကုန်ခန်းပျက်စီးနေလို့ပါဘုရား)*

http://www.dhammadownload.com



## အထုပ်ကြီးနှင့် ခရီးသည်

ကုန်ခန်းပျက်စီးနေလို့ မမြဲတာ။ အနိစ္စသဘောကိုဆောင်နေတယ်ဟုတ်လား။ ဘာကြောင့် ဆင်းရဲနေသလဲလို့မေးတော့ ဘေးအန္တရာယ်တွေနဲ့ အမြဲမပြတ် ရင်ဆိုင်နေရလို့နော်။ အိုဘေးဒုက္ခ၊ နာဘေးဒုက္ခ၊ သေဘေး ဒုက္ခ၊ အမျိုးမျိုးသော ရောဂါဝေဒနာဖြစ်ရပြီး ဒုက္ခပေါင်းမြောက်မြားစွာနဲ့ ရင်ဆိုင်နေရခြင်းကြောင့် ရုပ်လဲပင်ပန်းတယ်၊ နာမ်လဲ ပင်ပန်းတယ်။ မပင်ပန်းဘူးလား ဒကာ, ဒကာမတို့...။

*(ပင်ပန်းရပါတယ်ဘုရား)*

ဒီနေ့ တို့ခန္ဓာကိုယ်ကြီးရထားလို့ ခန္ဓာဝန်ထုပ်ကြီး ထမ်းထားရတာ လေးသလား၊ ပေါ့သလား...။

*(လေးပါတယ်ဘုရား)*

ပထမတော့ သူ့ဟာသူနေလို့ရှိရင် ပေါ့ပေါ့လေးလို့ ထင်ပါတယ်။ ဒီနေ့ထိုင်ကြည့်

http://www.dhammadownload.com



ကော့မှ ခန္ဓာကြီး လေးလိုက်တာ မပြောပါ နဲ့တော့ ဟုတ်လား။ ဟိုကဖောက်ပြန်ပြ၊ ဒီကဖောက်ပြန်ပြ၊ ဟိုကနှိပ်စက်ပြ၊ ဒီက နှိပ်စက်ပြနဲ့ တောင့်တယ်၊ ညောင်းတယ်၊ ညာတယ်၊ ကိုက်တယ်၊ ခဲတယ် ပြမနေဘူး လား...။

*(ပြနေပါတယ်ဘုရား)*

လေးလို့လား၊ ပေါ့လို့လား...။

*(လေးလို့ပါဘုရား)*

တစ်ခါတစ်ရံမှာ ဉာဏ်လေးနဲ့သာ အကဲခတ်ကြည့်လို့ရှိရင် ခန္ဓာကိုယ်ကြီး တစ် ကိုယ်လုံးဟာ အမျိုးမျိုးဖောက်ပြန်ပြီး တစ် ကိုယ်လုံးဟာ နေစရာရှိရဲ့လား၊ ခင်မင်စရာ ရှိရဲ့လား ပရိသတ်...။

*(မရှိပါဘုရား)*

အဝိဇ္ဇာတဏှာမျက်လုံးလေးတပ်ပြီး ကြည့်စဉ်တုန်းကတော့ ပေါ့ပေါ့လေး နေလို့ ထိုင်လို့ ခံစားလို့ကောင်းလိုက်တာလို့ ထင် နေခဲ့ကြတာ။ ဟော...အခု ဘုရားရှင်ပေးတဲ့

http://www.dhammadownload.com



ဝိဇ္ဇာမျက်လုံး အရိယာမျက်လုံး ဝိပဿနာဉာဏ်မျက်လုံးလေးတပ်ပြီး ကြည့်ဖန်များလာတော့ ဘုန်းကြီးတို့ခန္ဓာ၊ ဒကာ,ဒကာမတို့ခန္ဓာကြီးက လေးသလား၊ ပေါ့သလား...။

*(လေးပါတယ်ဘုရား)*

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက...

"ဘာရော ဟဝေ ပဉ္စက္ခန္ဓာ

ဘာရဟာရောစ ပုဂ္ဂလော

ဘာရ ဒါနံ ဒုက္ခံလောကေ

ဘာရော နိက္ခေ ပနံ သုခံ"

ဒီလိုမိန့်တယ်နော်။ ပဉ္စခန္ဓာ-ခန္ဓာငါးပါး ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် လေးလံလှစွာ ဝန်ထုပ်ကြီးနဲ့ တူပါပေ၏။ ဟောဒီခန္ဓာကိုယ်ကြီး ဘာနဲ့တူတာတဲ့လဲ...။

*(ဝန်ထုပ်နဲ့ပါဘုရား)*

ဘုန်းကြီးတို့ ဒကာ,ဒကာမများ သံသရာ ခန္ဓာဝန်ထုပ်ကြီး ထမ်းပြီးတော့ ပြေးလာလိုက်တဲ့ဘဝဟာ အနည်းလား၊ အများကြီး

http://www.dhammadownload.com



လား...။

*(အများကြီးပါဘုရား)*

ဘယ်သူ့ဝန် ဘယ်သူထမ်းလာကြတယ်။

*(ကိုယ့်ဝန်ကို ကိုယ်ထမ်းလာတာပါ ဘုရား)*

ဘယ်ခရီးကိုသွားကြမလဲလို့မေးရင် ဒကာ,ဒကာမတွေ ဘယ်ခရီးကိုသွားကြမှာ လဲ...။

## မြုပ်တုံပေါ်တုံဘဝသိုက်မြုံ

အကုသိုလ်အထုပ်ကြီးများပြားတဲ့ပုဂ္ဂိုလ် ကဆိုရင် မြုပ်လမ်းကိုသွားမယ်။ ကုသိုလ် ကောင်းမှုအထုပ်ကြီး များပြားတဲ့ ပုဂ္ဂိုလ်များ ကဆိုရင် ပေါ်လမ်းကိုသွားမယ်။ ဟုတ်လား...။

ဥပမာ–ရေအိုးကြီးတစ်လုံးမှာ ထောပတ် အပြည့်ထည့်မယ်။ ထောပတ်အပြည့်ထည့် ပြီးတော့ ရေထဲကိုချ။ ပြီးရင် ရေအိုးကြီးကို ခွဲလိုက်ရင် ဘယ်လိုနေမလဲ ပရိသတ်။

http://www.dhammadownload.com



ရေအိုးခွံကြီးတွေက မြုပ်ပြီးတော့ ထောပတ်တွေက ရေပေါ်မှာ ပေါ်မနေဘူးလား…။

*(ပေါ်နေပါတယ်ဘုရား)*

အဲဒါ ဘာကြောင့်လဲဆိုရင် ထောပတ်က ပေါ့ပြီး ရေအိုးက လေးနေလို့ ဟုတ်လား။ အကုသိုလ်ကံနဲ့ ကုသိုလ်ကံ နှစ်ပါးမှာ အကုသိုလ်ကံက လေးပြီးတော့ ကုသိုလ်ကံက ပေါ့တယ်။ အဲဒီလိုမျိုးပေါ့။ ရေအိုးက အကုသိုလ်ကံလို မြုပ်ပြီး ထောပတ်က ကုသိုလ်ကံကဲ့သို့ ပေါ်နေသလိုမျိုးပေါ့။ ရုပ်တရားဆိုတာက အလေးဓာတ်ဖြစ်တယ်။ ရုပ်တရား၊ နာမ်တရားပေါ်မှာ ဝိပဿနာဉာဏ်ကလေးနဲ့ ရှုမှတ်နေသော ယောဂီများရဲ့ စိတ်အစဉ်ဟာ ပေါ့ပါးပြီး ကြည်လင်နေသောကြောင့် ရှုမှတ်စိတ်နဲ့ စုတိစိတ်ကျတဲ့ ယောဂီများမှာ ရုပ်တရားက ရေအိုးလို မြေကြီးမှာမြုပ်ရပေမဲ့ သူတို့ရဲ့ နာမ်တရားဟာ ကုသိုလ်ကံအားလျော်စွာ မြင့်မြတ်တဲ့ ဘုံဘဝဆီရောက်ပြီး ထောပတ်လို ရေပေါ်

http://www.dhammadownload.com



မှာ ပေါ်နေရတာပေါ့ ဒကာ, ဒကာမတို့။ ဒါကြောင့်ဒကာ,ဒကာမတွေ အသက်ကလေး တွေလဲ ရလာကြပြီ။ တို့သန္တာန်ထဲမှာ ဘာဝနာကုသိုလ်ကောင်းမှုတရားတွေ ဘယ် လောက်ရှိထားပြီလဲ။ ဝိပဿနာဆိုတဲ့ ကုသိုလ် ကောင်းမှုတရားတွေ ဘယ်လောက် အား ထုတ်ထားပြီလဲ။ ကိုယ့်ကိုယ်ကိုယ် စဉ်းစား ထားကြစမ်းပါ။ နားလည်တယ်နော်။ နေဝင် ခါနီးလာပြီ။ ဘာဖြစ်ဖို့နီးလာပြီတဲ့လဲ။

'နေဝင်ခါနီး ခရီးသည်တွေ ဘယ်ဆီ ကိုများ သွားကြမလေ'

ဒကာ,ဒကာမတွေ ဘယ်ဆီကိုသွားချင် ကြသလဲ စဉ်းစားထားနော်။ အကုသိုလ်အထုပ် ကသာ ကြီးမယ်ဆိုရင် အပါယ်လေးဘုံ တစ်နေရာ သေချာပြီးသားနော်။ ဒါကြောင့် ကိုယ်ထုပ်ပိုးထားတဲ့ အထုပ်ဟာ ဘယ် နေရာမှာမြှုပ်နှံရမယ်ဆိုတာ မသိတဲ့ပုဂ္ဂိုလ် တွေ အများကြီးပဲ။ ဟုတ်လား ဒကာ,ဒကာမ

http://www.dhammadownload.com



တွေ့။ ဒါကြောင့် တို့ယောဂီများသိစေချင်…

“အထုပ်ကြီးတော့ တပြင်ပြင်
အထုပ်ရှင်မှာ သေလို့သွား
ကျန်တဲ့လူတွေ ဝိုင်းလို့စား
သေသောသူမှာ အလကား”တဲ့။

ဒါကြောင့် အလကား မဖြစ်ရလေအောင် အကုသိုလ်ထုပ်ထက် ဘယ်အထုပ်ကို ပိုပြီး စုဆောင်းရမှာပါလိမ့်…။

*(ကုသိုလ်ထုပ်ပါဘုရား)*

ဒါကြောင့်…

“မနေရလို့ သေကြသောအခါ
ကိုယ့်နောက်သို့ကား ဘာများပါမှာ
ပစ္စည်းစုစု တစ်ခုမပါ
ကိုယ်ပြုထား ကံများပါမည်သာ”တဲ့။

ကိုယ့်နောက်သို့ ဘာတွေပဲပါမှာတဲ့လဲ ဒကာ,ဒကာမတွေ။

*(ကံတွေပါမှာပါဘုရား)*

http://www.dhammadownload.com



## ကုသိုလ်ပန်းများ ပွင့်ကားနိုင်စေ

ဟုတ်တယ်။ ကိုယ်ပြုလုပ်ထားတဲ့ အကုသိုလ်ကံနဲ့ ကုသိုလ်ကံတွေ ဒီကံနှစ်မျိုးပဲ ပါသွားလိမ့်မယ် ဟုတ်လား။ အရေးကြီးတယ်နော်။ ဒါကြောင့် မိမိတို့ရှာဖွေရင်းနှီးထားတဲ့ ပစ္စည်းတွေကိုလဲ ကုသိုလ်ကံတွေ တိုးပွားအောင် မြှုပ်နှံထုပ်ပိုးတတ်ဖို့ မလိုဘူးလား...။

*(လိုပါတယ်ဘုရား)*

အရေးကြီးတယ်နော်။ ကုသိုလ်ကောင်းမှု တရားလေးတွေ ရယူတတ်ဖို့ လိုပါတယ်။ ချွေးနဲ့ သွေးနဲ့ ရင်းနှီးပြီးမှရလာတဲ့ ပစ္စည်းတွေကို မြှုပ်နှံတတ်ဖို့ အရေးကြီးပါတယ်။

ဒီခန္ဓာကိုယ်ကြီးနဲ့ ကုသိုလ်ကံဟာ ဘာနဲ့ တူသလဲဆိုရင် မီးလောင်ပြင်မှာပွင့်နေတဲ့ ပန်းတွေနဲ့ တူပါတယ်။ ခန္ဓာကိုယ်ကြီးဟာ လောဘမီး၊ ရာဂမီး၊ ဒေါသမီး...စတဲ့ တစ်ဆယ့် တစ်ပါးသောမီးတွေ တစ်ခုပြီးတစ်ခု

http://www.dhammadownload.com



လောင်ပြီး ကုန်ခန်းနေပေမဲ့ ဒီခန္ဓာကိုယ်ကြီးကို အကြောင်းပြုပြီး ဟာဒယဝတ္ထုပေါ်မှာ ဒါနပန်း၊ သီလပန်း၊ သမထ,ဝိပဿနာ ဘာဝနာပန်းတွေပွင့်ပြီး နေသွားကြမယ်ဆိုရင် ရင်းနှီးမြှုပ်နှံရခြင်းဟာ မြင့်မြတ်တယ်လို့ မဆိုရဘူးလား...။

*(ဆိုရပါတယ်ဘုရား)*

ဒါကြောင့် တမြေ့မြေ့လောင်ကျွမ်း ကုန်ခန်း ပျက်စီးနေတဲ့ ဒီခန္ဓာကိုယ်ကြီးကို အကြောင်းပြုပြီး ဒါနပန်း၊ သီလပန်း၊ ဘာဝနာပန်းတွေကို ပွင့်နိုင်အောင် ကြိုးစားကြရမယ်နော်။

*(တင်ပါ့ဘုရား)*

## ဝန်ထမ်းဘဝ ရုန်းမှကျွတ်

မပွင့်နိုင်ရင် ခန္ဓာဝန်ထုပ်ကြီးဟာ ဒကာ, ဒကာမတွေ တဖြည်းဖြည်းနဲ့ အလေးခံတော်တွေများပြီး စုတိစိတ်ကျတဲ့ချိန်မှာ အလေး

http://www.dhammadownload.com



ခတ်တွေရဲ့ ဆွဲရာကို မသွားရဘူးလား။

*(သွားရပါတယ်ဘုရား)*

အလေးခတ်ဆိုတာက အပါယ်လေးဘုံ လို့ခေါ်တဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူ ရကာယ်...စတဲ့ မကောင်းတဲ့ဘုံဘဝကို ခေါ်တာနော်။ ဒကာ,ဒကာမတွေ ခန္ဓာကိုယ် ကြီးဟာ ဝန်ထုပ်ကြီးနော်။ ဒကာ,ဒကာမ တွေက ဝန်ထမ်းသမားတွေ။ အထုပ်ကြီး ထမ်းပြီးလာလိုက်ကြတာ။ ကဲ...ရပ်နိုင်ကြ ပြီလား။

*(မရပ်နိုင်ပါဘုရား)*

ကန္တာရခရီးကြမ်းကြီးထဲမှာ သွားပြီး နေရ ဘိသကဲ့သို့ အထက်ကလဲပူတယ်။ အောက် ကလဲပူတယ်။ အရိပ်ကလဲ ရတစ်ချက် မရ တစ်ချက်။ သံသရာလောကတစ်လျှောက် လုံးမှာ ဒီလိုပဲ အထက်အောက် စုန်ဆန် စီးပြီး နေလာခဲ့ကြတာ ခန္ဓာငါးပါးလှေငယ်ကို စီးပြီး သမုဒ္ဒရာထဲမှာ မျောလာနေကြသလို ပေါ့။ လှိုင်းကြမ်းလေကြမ်းတွေလဲ တိုက်ခတ်

http://www.dhammadownload.com



ခံရတယ်။ သို့ပါသော်လည်း ကိုယ့်ကိုယ် ကိုယ် ပင်ပန်းမှန်းလဲ မသိကြဘူး။ သိသလား ဒကာ,ဒကာမတွေ...။

*(မသိပါဘုရား)*

ဘာနဲ့မကြည့်မိလို့လဲဆိုရင် ဉာဏ် မျက်လုံးတည်းဟူသော ဝိပဿနာဉာဏ်နဲ့ မကြည့်မိတဲ့ခါကျတော့ ကိုယ်ဘာဖြစ်လို့ ဖြစ်မှန်းလဲ မသိကြဘူး။ ဟုတ်လား။ ဒါကြောင့်...

ကိလေကာမ ကျယ်စွပင်လယ်
မျောပါနေရ ခန္ဓာလှေငယ်
သောက ဒေါသ မောဟာနယ်ပယ်
လှိုင်းဂယက် ရိုက်ချက်ခံရတယ်။

ဘုန်းကြီးတို့ ပရိသတ်များရဲ့စိတ်ထဲမှာ သောက၊ ဒေါသ၊ မောဟာတည်းဟူသော လှိုင်းဒဏ်၊ လေဒဏ်တွေက အမြဲ မပြတ် တိုက်ခတ်ခံနေရပါတယ်။ မခံရဘူးလား။

*(ခံရပါတယ်ဘုရား)*

http://www.dhammadownload.com



သားသမီးတွေ၊ ဇနီး ခင်ပွန်းတွေ၊ ပစ္စည်းဥစ္စာတွေကို အကြောင်းပြုပြီးသကာလ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့မီးတွေ မလောင်ကျွမ်းရဘူးလား။

(လောင်ကျွမ်းရပါတယ်ဘုရား)

အထက်ကလဲပူတယ်၊ အောက်ကလဲပူတယ်၊ လှိုင်းဒဏ်,လေဒဏ်ကြားထဲမှာ ခဏခဏ လှိုင်းလုံးကြီးတွေ လာရိုက်ခတ်တဲ့အခါ ဒကာ,ဒကာမတွေ ပါးစပ်ထဲ ရေတွေဝင်ကုန်ပြီ။ နားလည်တယ်နော်။ ရေဝင်ဖန်များရင် တော်တော်ကြာ ရေနစ်ပြီး သေရလိမ့်မယ်။ သဘောပေါက်တယ်မဟုတ်လား။ ဒါကြောင့် မသေခင်လေးမှာ ကြိုတင်အလုပ်လုပ်ထားကြဖို့ ဘုန်းကြီး တိုက်တွန်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သံသရာလမ်းခရီးက သိပ်ကြမ်းတယ်နော။ ဒါကြောင့်မို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝန်ထမ်းသမားဘဝက လွတ်မြောက်ချမ်းသာ ရကြ

http://www.dhammadownload.com



စေဖို့ ပညာဆိုတဲ့ ဝိပဿနာဉာဏ်အမြော်အမြင် ရှိရပါမယ်တဲ့။ ဘာအမြော်အမြင် ရှိရမှာတဲ့လဲ...။

*(ဝိပဿနာဉာဏ်အမြော်အမြင်ပါဘုရား)*

## ဉာဏ်ပြင်မှန်သား ထင်ရှားပေါ်လာ

ပညာပဇ္ဇောတော–အဝိဇ္ဇာတည်းဟူသော အမှောင်ကိုခွင်းပြီးသကာလ ဝိဇ္ဇာဉာဏ် အလင်းဓာတ်ရစေနိုင်သော ပညာတည်း ဟူသော အလင်းရောင်ဓာတ်သည်၊ လောကသ္မိံ–လောက၌၊ အတ္ထိ သန္တိ–ရှိကြပါပေကုန်၏။ ဘိက္ခဝေ–ပရိသတ်လေးပါး အို... ချစ်သား ချစ်သမီးတို့၊ ပညာပဇ္ဇောတော–ပညာတည်းဟူသော အလင်းရောင်ဓာတ်သည်၊ သဒ္ဒါ–ပညာယ၊ သဒ္ဒါ ပညာ အမြော်အမြင်ကြီးမားသောပုဂ္ဂိုလ်များအတွက် မြတ်၏ဟူ၍ သင်တို့ဆရာ ငါဘုရားသည်၊ ဝဒါမိ–ဟောတော်မူခဲ့လေပြီ။ အဲဒီပညာတရားတို့သည် ဘယ်သူနဲ့ထိုက်တန်သလဲဆိုလို့ရှိရင်

http://www.dhammadownload.com


ဘုရားရှင်က သဒ္ဓါရှိသောပုဂ္ဂိုလ်ရဲ့ သန္တာန်ထဲမှာ ပညာထိုက်တန်ပါတယ်တဲ့။ ဘုရားအပေါ်မှာ ကြည်ညိုလေးစားတတ်တဲ့ သဒ္ဓါ၊ တရားတော်မြတ်အပေါ်မှာ ကြည်ညိုလေးစားတတ်တဲ့ သဒ္ဓါ၊ သံဃာ့အပေါ်မှာ ကြည်ညိုလေးစားတတ်တဲ့ သဒ္ဓါ၊ တရားထူး တရားမြတ်ကို လိုလားတဲ့သဒ္ဓါ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်မှာ တကယ့်ကို အသက်နဲ့လဲပြီး ကြည်ညိုလေးစားတတ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်ထဲမှာရှိတဲ့ သဒ္ဓါ။ ဒီလိုသဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်ထဲမှာ ပညာစွမ်းအားတွေရှိဖို့ လိုတယ်နော်။ အဲဒီသဒ္ဓါနဲ့ ပညာတွဲစပ်ပြီး ခန္ဓာကိုယ်ကြီးကို ပညာတည်းဟူသော ဓာတ်မီးနဲ့ ထွန်းပြီး ကြည့်လိုက်မယ်ဆိုရင် ခန္ဓာတစ်ခုလုံးမှာ ဖောက်ပြန်ပျက်စီးနေတာကိုပဲ မတွေ့ရဘူးလား...။

*(တွေ့ရပါတယ်ဘုရား)*

အမှောင်ကျနေတဲ့ ခန္ဓာကိုယ်ထဲမှာ

http://www.dhammadownload.com



ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတို့ ရေ...ပညာတည်းဟူသော လက်နှိပ်ဓာတ်မီး လေးကိုထွန်းပြီး ပေါ်တဲ့နေရာလေးကို ကြည့်ရင် အကြည့်ခံတရားတို့သည် မြဲတာ တွေ့မလား၊ မမြဲတာတွေ့မလား။

*(မမြဲတာတွေ့ပါတယ်ဘုရား)*

ဘာနဲ့ကြည့်လို့တွေ့တာ...။

*(ဉာဏ်နဲ့ကြည့်လို့ပါဘုရား)*

အဲသလို ဉာဏ်နဲ့ကြည့်ဖန်များလာ တော့ ဘာလေးပေါ်ပေါ် ဘယ်စိတ်ပေါ်ပေါ် တောင့်တာ၊ တင်းတာ၊ ညောင်းတာ၊ ညာ တာ၊ ပူတာ၊ အေးတာ၊ ဘယ်အာရုံပေါ်ပေါ် ပေါ်လာတဲ့တရားတို့သည် မြဲသလား၊ မမြဲ ဘူးလား...။

*(မမြဲပါဘုရား)*

## အပူကပ်တော့ ဒုက္ခထပ်မည်

စက္ကန့်တိုင်း စက္ကန့်တိုင်း ကုန်ခန်း

http://www.dhammadownload.com



ပျက်စီးနေတဲ့သဘောကို တွေ့ခြင်းကြောင့် ဩော်...မမြဲတဲ့တရားပါလား၊ မမြဲတဲ့တရား ပါလားလို့ မြင်လာနေတယ်။ ဟော... နောက်တစ်နေရာ ပေါ်လာပြန်ပြီ။ ပေါ်တဲ့ နေရာလေး ဉာဏ်နဲ့ထောက်ပြီးတော့ ကြည့် လိုက်ပြန်တော့လဲ ဒကာ,ဒကာမတွေ ပေါ် တဲ့နေရာက ချုပ်ပျောက်သွားပြန်ပြီ။ ခန္ဓာ ကိုယ်က ဘယ်နေရာပေါ်ပေါ် ပေါ်တဲ့နေရာ လေးသာ ဉာဏ်နဲ့ထောက်ထား ဟုတ်လား။ ရုပ်ထင်ရှားရင် ရုပ်ကိုကြည့်။ တစ်ခါတစ်ရံ ကျတော့ နာမ်ခေါ်တဲ့ စိတ်က ထင်ရှားလာ တတ်တယ်။ ဟုတ်လား။ စိတ်ထဲက သောက လေးတွေ၊ ပျော်စရာလေးတွေ ဖျတ်ခနဲ ပေါ်ပြီး ဖျတ်ခနဲချုပ်ပျောက်နေတဲ့စိတ်တွေ ပေါ်လာနေတတ်တယ်။ လောဘလဲဝင်လာ တတ်တယ်။ ဒေါသလဲဝင်တတ်ပါတယ်။ လောဘဆိုတာ ခင်တဲ့စိတ်။ ဩော်...သူတို့ ကို ငါက ချစ်ရခင်ရပေမဲ့ သူတို့ ပြန်မကြည့် ရက်လေခြင်းလို့ လောဘကိုအကြောင်းပြု

http://www.dhammadownload.com



ပြီးတော့ ဒေါသအာရုံတွေလဲ ဝင်လာတတ် ပါတယ်။ အဲဒီဒေါသကို အကြောင်းရင်းခံ ပြီးတော့လဲ မောဟတွေ မဝင်တတ်ဘူး လား...။

*(ဝင်တတ်ပါတယ်ဘုရား)*

ဝင်တတ်တယ်နော။ အဲသလို လောဘ ဖြစ်စေ၊ ဒေါသဖြစ်စေ၊ မောဟဖြစ်စေ တစ်ခုခုပေါ်လာလို့ရှိရင် သောကနဲ့တွဲတဲ့ လောဘ၊ သောကနဲ့တွဲတဲ့ ဒေါသ၊ ပရိဒေဝ နဲ့တွဲတဲ့ ဒေါသ...စသည်ဖြင့် ဟုတ်လား။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ အကျိုးတရားငါးပါးတို့ သည် ဒေါသနဲ့ယှဉ်တွဲတယ်။ ဒေါသသည် လောဘနဲ့လဲ ထပ်ပေါင်းတယ်။ လောဘ သည် မောဟနဲ့ပေါင်းတယ်။ လောဘ၊ ဒေါသ၊ မောဟ သုံးပါးနဲ့ ယှဉ်တွဲနေတဲ့စိတ် သည် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမန သ၊ ဥပါယာသဆိုတဲ့ အာရုံတရားတို့နဲ့ အမြဲမပြတ် ကပ်ငြိနေတယ်။ အဲသလို အကု

http://www.dhammadownload.com



သိုလ်စိတ်တွေ၊ ပင်ပန်းတဲ့စိတ်တွေ ကပ်ငြိနေတဲ့ပုဂ္ဂိုလ်သည် ဆင်းရဲမှာလား၊ ချမ်းသာမှာလား...။

*(ဆင်းရဲမှာပါဘုရား)*

## ပညာစက္ခုမျှော်ထောက်ရှု

ဒါကြောင့်မို့လို့ ပရိသတ်အပေါင်း သူတော်ကောင်းများ ဆင်းရဲတဲ့အာရုံလေးများပေါ်ရင် ပေါ်မှန်းသိပါစေ။

သဒေါသစိတ္တံ ပဇာနာတိ။ ဒေါသစိတ်ပေါ်ရင် ဩော်...ငါ့စိတ်ထဲမှာ ဒေါသဖြစ်စေတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ထံကို ညွတ်ကိုင်းနေလို့ ငါ ဒေါသဖြစ်နေပါပေါ့လားဆိုပြီး ဒီဒေါသစိတ်သည် မြဲသလား ပြန်ကြည့်။ ဉာဏ်ကလေးနဲ့ကြည့်လိုက်နော်။ ကြည့်လိုက်တော့...

ဒေါသပေါ်နေပါပေါ့လား၊

မကျေနပ်တဲ့စိတ်တွေ ပေါ်နေပါပေါ့

http://www.dhammadownload.com


လား၊

နှလုံးမသာယာတဲ့စိတ်တွေ ပေါ်နေပါ ပေါ့လားဆိုပြီး အဲဒီစိတ်တွေသည် ဘာကြောင့် ပေါ်နေသလဲ၊ ပေါ်တဲ့အကြောင်းရင်းကို လိုက်ရှာရတယ်နော်။ ရှာတော့ ငါ့စိတ်က အဲဒီစိတ်တွေပေါ်စေသော ပုဂ္ဂိုလ်တစ်ယောက် ထံ ညွတ်ကိုင်းနေလို့၊ တစ်ပါးသောပုဂ္ဂိုလ် ထံမှာ စိတ်က ညွတ်နေလို့ သောကဖြစ် နေတာ၊ လောဘဖြစ်နေတာ၊ ဒေါသဖြစ် နေတာဆိုပြီး မသိရဘူးလား။

*(သိရပါတယ်ဘုရား)*

အဲဒီစိတ်တွေသည် လောဘဖြစ်စေတဲ့ အာရုံကိုလက်ခံနေလို့ လောဘဖြစ်တာ၊ ဒေါသဖြစ်စေတဲ့ အာရုံကိုလက်ခံနေလို့ ဒေါသဖြစ်တာ၊ မောဟဖြစ်စေတဲ့ အာရုံကို လက်ခံနေလို့ မောဟဖြစ်တာ ဟုတ်လား ပရိသတ်။ ဒါဆိုရင် အဲဒီ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်စိတ်သည် မြဲ

http://www.dhammadownload.com



သလား၊ မမြဲဘူးလား ပြန်ကြည့်တော့...

*(မမြဲပါဘုရား)*

ဘာနဲ့ကြည့်ရမှာလဲ...။

*(ဉာဏ်နဲ့ပါဘုရား)*

ပညာစက္ခုလေးမျှော်ထောက်ပြီး ကြည့်။ ဟုတ်လား။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ သည် ဘယ်စိတ်ပေါ်ပေါ်၊ ရုပ်ကပေါ်ပေါ်၊ နာမ်ကပေါ်ပေါ်၊ ပေါ်လာတဲ့အာရုံလေး ကို ဓာတ်မီးနဲ့တူလှစွာသော ဉာဏ်လေးနဲ့ ထောက်ကြည့်ထားရင် အမှောင်ခွင်းပြီးတော့ အလင်းပေါ်လာတာပေါ့။ ဒကာ,ဒကာမတွေ အမှောင်ခွင်းရင် ဘာပေါ်တယ်။

*(အလင်းပေါ်ပါတယ်ဘုရား)*

## အလင်းပေါ်က်မှ စိုးကြောက်ထင်မည်

ခန္ဓာကိုယ်ထဲမှာ ဉာဏ်ကလေးတွေ ပေါ်လာတာ။ ဘယ်လိုပေါ်လာသလဲဆိုရင် စက္ခုဉ္စဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊

http://www.dhammadownload.com


ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ... ဟုတ်လား။

အယံ နာမရူပံ–ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့အပေါ်မှာ စက္ခုံဥဒပါဒိ ဉာဏ်အမြင်မာတ်တွေ ဖြစ်လာတယ်။ ဘယ်လို ပေါ်လာသကဲဆိုရင် ရုပ်ကိုပိုင်းခြားသိတဲ့ ဉာဏ်အလင်းရောင် ပေါ်လာတယ်။ နာမ်ကို ပိုင်းခြားသိတဲ့ ဉာဏ်အလင်းရောင် ပေါ်လာ တယ်။ ခန္ဓာတစ်ကိုယ်လုံးမှာ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိပါဘဲနဲ့ မမြင် ပါဘဲနဲ့ ရုပ်နာမ်ဓမ္မတွေသာ ရှိပါပေါ့လား၊ ရုပ်တရား,နာမ်တရားတွေသာ ရှိပါပေါ့လား လို့ ဉာဏ်လေးနဲ့လှမ်းပြီး သိတဲ့ဉာဏ်အလင်း ရောင်။ အဲဒါ စက္ခုံဥဒပါဒိလို့ ခေါ်တယ်။

ဉာဏံဥဒပါဒိဆိုတာ မိမိသန္တာန်မှာ ဉာဏ်စွမ်းအားတွေပေါ်လာတယ်။ ရုပ် တရား၊ နာမ်တရားတို့သည် ကြည့်လိုက် တိုင်း ကြည့်လိုက်တိုင်း ဖြစ်ပြီး ပျက်စီးနေပါ ပေါ့လားလို့ ဉာဏ်စွမ်းအားတွေ ပေါ်လာ

http://www.dhammadownload.com


နေတာ။ ခမ္မတည်းဟူသော အလင်းခာတ်တွေပေါ်လာပြီး တစ်လောကလုံးမှာ ဖြစ်တာနဲ့ ချုပ်ပျောက်တာပဲရှိပါပေါ့လားလို့၊ အမှောင်တွေပျောက်ပြီး အလင်းခာတ်တွေ ခန္ဓာကိုယ်ထဲမှာ ပေါ်ပေါက်လာနေလေတော့ ဩော်...ဟိုတုန်းက ဒီအသိဉာဏ်တွေ မရှိခဲ့ဘူး၊ မသိခဲ့ရဘူး။ အခုတော့ ခန္ဓာကိုယ်ထဲမှာ ပေါ်လာတာမှန်သမျှ ဘယ်စိတ် ဘယ်အာရုံပေါ်ပေါ် ပေါ်လာတဲ့စိတ်အစဉ်တို့သည် ဖြစ်ပေါ်ပြီး ပျက်စီးနေပါပေါ့လားဆိုပြီး ဘာသစ္စာကို မြင်နေတာ...။

*(ဒုက္ခသစ္စာပါဘုရား)*

ဖြစ်ပျက်နေတာက ဒုက္ခသစ္စာနော်။ လှမ်းပြီး မြင်နေတဲ့ စိတ်ကလေးက...

*(မဂ္ဂသစ္စာပါဘုရား)*

ဖြစ်ပြီး ပျက်စီးနေတဲ့ ခန္ဓာရုပ်တရား၊ နာမ်တရားတို့သည် ခဏဖြစ်သလား၊ ခဏပျက်သလားဆိုရင် အမြဲမပြတ် တရစပ် ဖြစ်

http://www.dhammadownload.com


ပျက်နေတာနော်။ ဟုတ်လား။ မွေးလာတဲ့ အချိန်မှစပြီးတော့ သေခါနီး၊ သေသည့် အချိန်ထိ ကာလတိုင်အောင် အမြဲမပြတ် ဖြစ်ပျက်နေတယ်။ ရုပ်တန့်လို့ စက္ကန့်လေးမှ မနေဘူးနော်။ နေသလား ဒကာ၊ဒကာမ တို့။ ရုပ်တရား၊ နာမ်တရားတို့သည် ငြိမ် ငြိမ်လေးနေဦးမယ်လို့ နေသလား။

*(မနေပါဘုရား)*

ချမ်းချမ်းသာသာလေး နေလိုက်ဦးမယ် လို့ နေရဲ့လား။

*(မနေပါဘုရား)*

ဉာဏ်လေးနဲ့ဖြေနော်။ ဝိပဿနာဉာဏ် မျက်လုံးတည်းဟူသော ခတ်မီးလေး ထွန်း ကြည့်တဲ့ခါ ခန္ဓာကိုယ်ထဲမှာပေါ်လာတာက ရုပ်နာမ်၊ သိတာက ဉာဏ်ဟုတ်လား။ ပေါ် လာတာက...

*(ရုပ်,နာမ်ပါဘုရား)*

http://www.dhammadownload.com



သိတာလေးက...

*(ဉာဏ်ပါဘုရား)*

ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည် မြဲတာတွေ့သလား၊ မမြဲတာတွေ့သလား...။

*(မမြဲတာတွေ့ပါတယ်ဘုရား)*

ချမ်းသာတာတွေ့မှာလား၊ ဆင်းရဲတာတွေ့မှာလား။

*(ဆင်းရဲတာတွေ့ပါမယ်ဘုရား)*

မမြဲ၊ ဆင်းရဲနေတာတွေသည် ပိုင်လို့လား၊ မပိုင်လို့လား။

*(မပိုင်လို့ပါဘုရား)*

အဲဒီရုပ်တရား,နာမ်တရားတို့ တည်ရာဌာနဖြစ်သော တစ်လံမျှလောက်သော ဤခန္ဓာကိုယ်ကြီးသည် တင့်တယ်တဲ့ခန္ဓာကိုယ်ကြီးလား၊ မတင့်တယ်တဲ့ခန္ဓာကိုယ်ကြီးလား။

*(မတင့်တယ်တဲ့ခန္ဓာကိုယ်ကြီးပါဘုရား)*

အဲ...၃၂ ပါးသော ကောဋ္ဌာသတရားတို့

http://www.dhammadownload.com



သည့် အပုပ်အသိုးတွေ သိုလှောင်ထားတဲ့ ဂိုဒေါင်ကြီး။ သွေးပုပ် ပြည်ပုပ်တွေ ပြည့်ကျပ်နေပြီး အစာသစ်၊ အစာဟောင်း၊ မစင် ဘင်မှုမ်တွေ ပြည့်ကျပ်နေတဲ့ ခန္ဓာအိမ်ကြီးလို့ ဘာမျက်လုံးနဲ့ တပ်ကြည့်ရမယ်…။

*(ဉာဏ်မျက်လုံးနဲ့ပါဘုရား)*

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပညာပဇ္ဇောတော–ပညာတည်းဟူသော အလင်းရောင်ဓာတ်မီးလေးနဲ့ ထွန်းပြီးကြည့်လိုက်သည်ရှိသော်၊ အယံ နာမ ရူပံ–ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့သည်၊ ခယဋ္ဌေန–အမျိုးမျိုးသောဘေးတွေ တွေ့ရပါ၏တကား။ အသာရကဋ္ဌေန–ဘာတစ်ခုရယ်မျှ အနှစ်သာရ တရားမရှိသော တရားတွေတကား။ ဩော် …အမြဲမပြတ် ကုန်ခန်းပျက်စီးနေတဲ့ အနိစ္စ ခန္ဓာကိုယ်ကြီး၊ ဒုက္ခခန္ဓာကိုယ်ကြီး၊ အနတ္တ ခန္ဓာကိုယ်ကြီးပါလား။ မတင့်တယ်သော အသုဘခန္ဓာကိုယ်ကြီးပါလား။

ဟိုတုန်းက အဝိဇ္ဇာ တဏှာမျက်လုံးကို

http://www.dhammadownload.com



တပ်ပြီးတော့ ကြည့်လိုက်တဲ့ခါ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီလို့ အထင်ကြီးခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် ချောသလိုလို၊ လှသလိုလို၊ ခင်စရာကောင်းသလိုလို၊ သာယာစရာကောင်းသလိုလို ထင်ခဲ့ပါရဲ့။ ဒါပေမဲ့လို့ မြတ်စွာဘုရားရှင် ပေးတော်မူတဲ့ အရိယာ မျက်လုံး၊ ဝိပဿနာမျက်လုံးလေး တပ်ပြီးတော့ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ဒကာ, ဒကာမတို့ မြဲသလား၊ မမြဲဘူးလား...။

*(မမြဲပါဘုရား)*

ခန္ဓာတစ်ခုလုံး အာတစ်ခုမျှ မမြဲပါလား။ ရုပ်ကလဲမမြဲ၊ နာမ်ကလဲမမြဲ။ ဒီမမြဲတဲ့ခန္ဓာကိုယ်ကြီး ထပ်ကြည့်ပြန်တော့ ဆင်းရဲနေတာတွေ။ မမြဲဆင်းရဲတာလေးတွေကို ဉာဏ်နဲ့ထပ်ကြည့်ရင် အနတ္တသဘောတွေ တွေ့ရပြန်တယ်။ ဘာတစ်ခုမှ ကိုယ်ပိုင်ကိုယ်အတ္တမရှိတဲ့ တရားပါလားလို့ ဒကာ, ဒကာမတွေ ဘယ်မှာပေါ်လာတယ်။

*(ဉာဏ်မှာပေါ်လာပါတယ်ဘုရား)*

http://www.dhammadownload.com



အလိုလိုပေါ်လာတာလား၊ ရှုမှတ် အကဲခတ်နေလို့ ပေါ်လာတာလား...။

*(ရှုမှတ်နေလို့ပါဘုရား)*

ဒီလိုရှုမှတ်နေတဲ့ခါကျတော့ ကိုယ်က ငြိမ်ငြိမ်လေး ဖြစ်ချင်ပေမဲ့ သူက မဖြစ်၊ ကိုယ်က ချမ်းချမ်းသာသာဖြစ်ချင်ပါရဲ့၊ ကိုယ်က တည်တည်တံ့တံ့လေး ဖြစ်ချင်ပါရဲ့၊ တစ်ခါတစ်ရံကျတော့ စူးနဲ့ထိုးသလိုလို၊ အပ်ဖျားနဲ့ထောက်သလိုလို၊ လှံချွန်နဲ့ ထိုးသလိုလို၊ မီးပြားကြီးနဲ့ကပ်ထားသလိုလို၊ သံပူပြားကြီးနဲ့ ကပ်ထားသလိုလို မခံရဘူးလား...။

*(ခံရပါတယ်ဘုရား)*

## အဆိုးထဲမှာ အကောင်းရှာ

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ခန္ဓာကြီးကို ဘာသစ္စာလို့ ပြောပါလိမ့်...။

*(ဒုက္ခသစ္စာပါဘုရား)*

http://www.dhammadownload.com



**ဒုက္ခသဿ ပီဠနဋ္ဌော**—ကိန်းရာပုဂ္ဂိုလ်၊ ခင်ရာပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲမပြတ်နှိပ်စက်ခံနေရတဲ့ခန္ဓာ၊

**ဒုက္ခသဿ သင်္ခတဋ္ဌော**—ကိလေသာမီး၊ ဒုက္ခမီးတို့ဖြင့် ညီးညီးတောက်ပြောင် အမြဲမပြတ်အလောင်ခံနေရတဲ့ခန္ဓာ၊

**ဒုက္ခသဿ သန္တာပဋ္ဌော** — တဏှာယောကျ်ားလက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို အမြဲမပြတ် ခံနေရတဲ့ခန္ဓာ၊

**ဒုက္ခသဿ ဝိပရိဏာမဋ္ဌော**—နဂိုခံ့ခိုင်၊ မတည်နိုင်ဘဲ ယိမ်းယိုင်ပြိုကွဲ အမြဲတမ်း ပျက်စီးသေကြေရတဲ့ ခန္ဓာလို့ ဆိုတယ်။

အင်း...ငယ်မူပျောက်ပြီး ကြီးပြင်းလာတဲ့ပုံသဏ္ဌာန်တွေကို ကြည့်မယ်ဆိုရင် နဂိုမူလတွေပျောက်ပြီး ဇရာပိုင်းတွေ ရောက်လာတယ်နော်။ အဲသလို ခန္ဓာကိုယ်ကြီးရဲ့ပြောင်းလဲမှုလေးတွေကို ဉာဏ်လေးနဲ့ ကြည့်

http://www.dhammadownload.com



ဖန်များတော့ ဒကာ,ဒကာမတွေ အမှားပျောက်ပြီး အမှန်တွေရောက်လာတယ်။ သြော်... ဘုရားရှင်မိန့်တော်မူတာတွေ မှန်လိုက်တာ။ ဟိုတုန်းက အဝိဇ္ဇာ တဏှာမျက်လုံး တပ်ကြည့်တဲ့အခါ ဟုတ်သလိုလိုထင်ခဲ့ပါရဲ့။ ဒီနေ့ဉာဏ်ကလေးနဲ့ကြည့်တော့မှ ငါ့ရဲ့ခန္ဓာကိုယ်ကြီးဟာ ဘာတစ်ခုမှ သက်သာရာမရပါလား၊ ဒီထက်ကြီးလာရင် ဒီထက်ဆိုးလာလိမ့်မယ်၊ ဇရာဒုက္ခလ မရောက်ခင်လေးမှာ တရားတွေအားထုတ်ရမယ်လို့ နှလုံးမသွင်းရဘူးလား ဒကာ,ဒကာမတွေ...။

*(သွင်းရပါမယ်ဘုရား)*

အားအင်တွေ လျော့နည်းလာတော့မှ ဒီအလုပ်လုပ်ချင်တယ်ဆိုလို့ လွယ်ပါ့မလား...။

*(မလွယ်ပါဘုရား)*

## အပျင်းကြီးတော့ ဖျင်းပြီးလည်မည်

ခန္ဓာကိုယ်အင်အားဓာတ် နည်းလာချိန်မှာ ထိန မိဒ္ဓတွေကလဲ များလာမယ်၊

http://www.dhammadownload.com



စိတ်ကူးအာရုံတွေကလဲ များလာတယ်။ ကိလေသာတွေကလဲထူလာ၊ ဝီရိယတွေကလဲ လျော့၊ အသိဉာဏ်အင်အားဓာတ်ကလဲ နည်းလာ၊ ဝေဒနာတွေကိုလဲ သည်းမခံနိုင်တော့ဘူး။ ဒါကြောင့်မို့လို့ အသက်ငယ်ရွယ်စဉ်တုန်းက ကမ္မဋ္ဌာန်းတရားတွေအားထုတ်လို့ အရိယာမျိုးစေ့၊ တစ်မဂ်၊ တစ်ဖိုလ်လောက် ရထားမယ်ဆိုရင် အသက်ကြီးလာလေ ကောင်းလေပဲ ဒကာ,ဒကာမတွေ။ ဒါကြောင့် ကာလသုတ္တန်မှာ မြတ်စွာဘုရားက...

- တရားတွေ အားရပါးရနာထားကြ။ ပြီးတော့...
- တရားတော်ကိုလည်း ဉာဏ်နဲ့ ဆွေးနွေးတိုင်ပင်ထားကြ၊
- သမထဘာဝနာဆိုတဲ့ ကမ္မဋ္ဌာန်းတရားတွေ အားထုတ်ကြ၊
- ဝိပဿနာကျင့်စဉ်ကို များများကျင့်ကြဆိုပြီးတော့ အဲဒီတရားတွေအားလုံးထဲ

http://www.dhammadownload.com



မှာ အမြတ်ဆုံးကုသိုလ်က ဝိပဿနာကုသိုလ်၊ အလင်းရောင်နဲ့နှိုင်းပြီးပြောရင် ပညာအလင်းရောင်တည်းဟူသော ဝိပဿနာကုသိုလ်။ ဟုတ်လား။

အဲဒီဝိပဿနာကုသိုလ်ဆိုတာ ရုပ်ကို ချမ်းသာအောင် အားထုတ်တာလား။ နာမ်ကို ချမ်းသာအောင် အားထုတ်တာလား။

*(နာမ်ကိုချမ်းသာအောင်ပါဘုရား)*

ဟုတ်တယ်။ အရေးကြီးတယ်နော်။ ပစ္စည်းချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့က အရေးကြီးပါတယ်။ ပစ္စည်းကတော့ ရှာဖန်များရင် အသင့်အတင့်တော့ ဖြစ်လာမှာပါပဲ။ စိတ်ချမ်းသာမှုကတော့ ပိုက်ဆံပေးပြီး ဝယ်လို့ရပါ့မလား။

*(မရပါဘုရား)*

စိတ်ချမ်းသာမှုကို ဗုဒ္ဓရဲ့ အဆုံးအမတရားလေးတို့ဖြင့် ယှဉ်တွဲပြီးကြည့်မှလဲပဲ စိတ်ချမ်းသာမှုကိုရတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံပင်

http://www.dhammadownload.com


စံပြောသော်လည်း ဒီကနေ့ သာသနာကွယ်ပြီလား ဒကာ,ဒကာမတွေ...။

*(မကွယ်သေးပါဘုရား)*

ဘုန်းကြီးတို့၊ ဒကာ,ဒကာမတို့အတွက် သိပ်ပြီးတော့ ကုသိုလ်ကံကောင်းမနေဘူးလား...။

*(ကောင်းနေပါတယ်ဘုရား)*

ဒီလိုကုသိုလ်ကံကောင်းနေချိန်မှာ ပျင်းနေရမှာလား၊ ကြိုးစားရမှာလား...။

*(ကြိုးစားရမှာပါဘုရား)*

## အပြောမဟုတ် အလုပ်သက်သေ

ဘုရားရှင်ကလေ သီလအစ၊ သမာဓိအလယ်၊ ပညာဝယ်အဆုံး သိက္ခာသုံးပါးလုံးကို ကျင့်ကြံပွားများအားထုတ်ကြကုန်သော ရဟန်းရှင်လူ မည်သူပုဂ္ဂိုလ် ထိုထိုများစွာ အားလုံးသော လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့ သန္တာန်ထဲဝယ် ထင်ရှားရှိနေတဲ့

http://www.dhammadownload.com


အကုသိုလ်တရားတွေ စင်ကြယ်သန့်ရှင်းပြီး ကုသိုလ်တရားတွေဖြင့် နေနိုင်သောကျင့်စဉ်ကြီးကို သဒ္ဓါ၊ ပညာ လက်ကိုင်ထားလို့မို့ ကောင်းစွာမသွေ ကျင့်သုံးကြ ကုန်ရာ၏လို့ ဆိုပါတယ်။ မြတ်သောအကျင့်လေးဖြင့် ဘဝကို အလှဆင်ကြပါလို့ မမှာဘူးလား...။

*(မှာပါတယ်ဘုရား)*

ပိုးဖဲကတ္တီပါ၊ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပင် ဆင်ပင် ဆင်မြန်းထားပါသော်လည်း မလှဘူးတဲ့။ ဟုတ်လား။ စိန်၊ ရွှေ၊ ငွေ၊ ရတနာတွေ ဘယ်လောက်ပင် ဆင်သပင်ဗြားသော်လဲ ငယ်စဉ်တုန်းကသာ ခဏလှတာ။ ကြီးတော့ လှနိုင်သေးရဲ့လား...။

*(မလှပါဘုရား)*

အေး...သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ကုသိုလ်ကောင်းမှုတရားတို့က ကြီးလာလေ၊ လှလာလေ ငယ်ရွယ်စဉ်တုန်းက တရားလေး ရထားတော့ အသက်ကြီးလာလေ ငြိမ်လာ

http://www.dhammadownload.com


လေ။ အပြောအဆို ယဉ်ကျေးလာတယ်၊ သိမ်မွေ့လာတယ်။ ကိုယ့်ရဲ့ ဘဝလေးကို ကျေးနပ်လာတယ်။ သြော်...ငါ လူဖြစ်ကျိုး နပ်ပါပေ့လား။ ဘုရားသာသနာတွင်းမှာ လူဖြစ်ရတာ၊ ဘုရားရှင် အဆုံးအမတရား တွေ ငါအားထုတ်ခွင့်ရလာတယ်၊ ခန္ဓာကိုယ် ထဲမှာဖြစ်ပေါ်လာတဲ့ ရုပ် နာမ် ခမ္မ သင်္ခါရ တရားတို့ရဲ့ တကယ်ဖြစ်ပြီး ပျက်စီးနေတဲ့ ဒုက္ခသစ္စာကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း ပြီး သမုဒယသစ္စာကို ပယ်တတ်လာတယ်။ ဘာကြောင့် ပယ်တတ်လာသလဲဆိုတော့ တရားအာရုံတွေကို လက်တွေ့နှလုံးသွင်းဖန် များလာလို့ ဟုတ်ပြီလား...။

*(တင်ပါ့ဘုရား)*

ဒကာ,ဒကာမတို့ရဲ့...၊ တရားက စာအုပ် လေးကြည့်ရုံနဲ့ ရလို့လား...။

*(မရပါဘုရား)*

http://www.dhammadownload.com



## ကြောင်းကျိုးတန်တန် အဆိုးဖန်

မရဘူးနော်။ ကဲ...ဒကာ,ဒကာမတွေ၊ ပဋိစ္စသမုပ္ပါဒ်ကို နည်းနည်းလေး နှလုံးသွင်းကြရအောင်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းကိုစွဲလို့ အကျိုးဖြစ်တယ်။ ဒီလိုဆိုတယ်နော်။ အကြောင်းကိုစွဲလို့ အကျိုးဖြစ်တယ်ဆိုတော့ ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးကို ဉာဏ်သွင်းကြည့်လိုက်ပါ။ ဒီနေ့ တရားဟောနေတဲ့ ခန္ဓာ၊ တရားနာနေတဲ့ခန္ဓာကိုယ်ကြီးသည် မိုးပေါ်က အလိုအလျောက် ဘွားခနဲပေါ်လာတာလား၊ အကြောင်းကြောင့် ရတာလား...။

*(အကြောင်းကြောင့်ရလာတာပါဘုရား)*

ဒီခန္ဓာကိုယ်ကြီး ဘာကြောင့်ရလာပါလိမ့်လို့ အတိတ်အကြောင်းကို ပြန်ပြောင်းကြည့်လိုက်ရင် ဘယ်သူနဲ့ ဘယ်သူကို ကြိုးစားလာမိခဲ့လို့ပါလိမ့်...။

*(အဝိဇ္ဇာနဲ့ သင်္ခါရကိုပါဘုရား)*

http://www.dhammadownload.com


ဩော်...အဝိဇ္ဇာဆိုတာ ဘာလေးပါးကို မသိတာပါလိမ့်။

*(သစ္စာလေးပါးကိုပါဘုရား)*

သင်္ခါရဆိုတာက ပြုလုပ်တာ။ ကာယကံ,ဝစီကံ,မနောကံတွေနဲ့ ပြုလုပ်တာကို ဘာလို့ခေါ်တယ်။

*(သင်္ခါရပါဘုရား)*

ဩော်...ဘယ်တုန်းက ကြိုးစားလာခဲ့သလဲလို့မေးတော့ လွန်လေပြီးသောအတိတ်ကနော်။ ဟုတ်တယ်။ အတိတ်က ဘာတွေကို ကြိုးစားလာခဲ့ပါလိမ့်။

*(အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား)*

သူ့ကို သစ္စာလေးဖွဲ့ပြလိုက်တော့ ဘာသစ္စာပါလိမ့်။

*(သမုဒယသစ္စာပါဘုရား)*

ဩော်...အဝိဇ္ဇာကလဲ သမုဒယသစ္စာ။ သင်္ခါရကလဲ သမုဒယသစ္စာ။ ကာလနဲ့

http://www.dhammadownload.com



ပြောရရင် လွန်လေပြီးသော အတိတ်ကာလ လို့ ခေါ်တယ်။ ဘာပါလိမ့်...။

*(လွန်လေပြီးသောအတိတ်ကာလပါဘုရား)*

အင်း...အလွှာနဲ့ပြောရင်ကော...။

*(အတိတ်အကြောင်းတစ်လွှာပါဘုရား)*

ဟုတ်တယ်။ သမုဒယသစ္စာဆိုတဲ့ အဝိဇ္ဇာ၊ သင်္ခါသည် လွန်လေပြီးသော ဘဝတွေတုန်းက တခြားရအောင်လုပ်တာလား၊ ခန္ဓာ ရအောင်လုပ်တာလား ဒကာ,ဒကာမတွေ...။

*(ခန္ဓာရအောင်လုပ်တာပါဘုရား)*

## အဆိုးခန္ဓာ နတ်ဖန်ပါလိမ့်

သြော်...ကြည့်စမ်း။ ဒီနေ့ခန္ဓာဝန်ထုပ်ကြီး ထမ်းနေလိုက်ရတာ ကာယိကဒုက္ခ ဝေဒနာကတစ်မျိုး၊ ခေါင်းကတစ်မျိုး တော်ကြာ ခါးကတစ်မျိုး၊ ဒူးကတစ်မျိုး၊ ဟိုနေရာက ကိုက်ခဲလာပြန်ပြီ၊ တောင့်တင်းပြန်ပြီ၊

http://www.dhammadownload.com



မှုးပြန်ပြီ၊ ဗိုက်အောင့်သလိုလို၊ စိတ်ပိုင်းဆိုင်ရာ မိသားစုဆွေမျိုးတွေနဲ့ပတ်သက်ပြီး အမျိုးမျိုးခံစားရပြန်ပြီ။ အဲသလိုပြနေတဲ့ ခန္ဓာကိုယ်ကြီးကို ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ စောစောစီးစီးက မြင်သလား၊ မမြင်ဘူးလား...။

*(မမြင်ပါဘုရား)*

မမြင်တာက အဝိဇ္ဇာ။ မမြင်လို့ ကြိုးစားအားထုတ်လိုက်တာက သင်္ခါရ။ ဒါကို အဝိဇ္ဇာ ပစ္စယာ သင်္ခါရလို့ဆိုတယ်။ ဒီတော့ သင်္ခါရ ပစ္စယာ ဝိညာဏ်၊ ပြီးတော့ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ ဟုတ်လား။ ဝိညာဏ်ဆိုတာက အမေ့ဝမ်းခေါင်းထဲမှာ ပဋိသန္ဓေနေတာ။ နာမ်ရုပ်ဆိုတာကလဲ အမေ့ဝမ်းခေါင်းထဲမှာ နာမ်နဲ့ရုပ် ဖြစ်ပေါ်လာခဲ့တာ။ နာမ်–ရုပ်ရှိတဲ့ပုဂ္ဂိုလ်မှာ သဠာယတနခေါ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် မရှိဘူးလား...။

*(ရှိပါတယ်ဘုရား)*

http://www.dhammadownload.com



ဒါတွေရှိတော့ အာရုံနဲ့တိုက်ဆိုင်လာတဲ့အခါ တွေ့ထိမှု ပေါ်,မပေါ်...။

*(ပေါ်ပါတယ်)*

တွေ့ထိမှု၊ ဖဿပေါ်တော့ ခံစားမှုရော ရှိမလာဘူးလား။

*(ရှိလာပါတယ်ဘုရား)*

ခံစားမှုလို့ဆိုတဲ့ ဝေဒနာပေါ်ရင် ကဲ... ဒကာ,ဒကာမတွေ ဒီငါးပါးစလုံး ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ သည် ကာလနဲ့ပြောရင် ပစ္စုပ္ပန်ကာလ ဖြစ်တယ်။ ဘယ်ကာလဖြစ်တယ်။

*(ပစ္စုပ္ပန်ကာလပါဘုရား)*

ကဲ...အလွှာနဲ့ပြောရင်ကော...။

*(ပစ္စုပ္ပန်အကျိုးတစ်လွှာပါဘုရား)*

သစ္စာဖွဲ့လိုက်ပါဦး...။

*(ဒုက္ခသစ္စာပါဘုရား)*

ဟုတ်ပြီ။ ဒုက္ခသစ္စာဆိုတော့ ဒကာ, ဒကာမတွေ ဘယ်ကများ လာပါလိမ့်လို့ စဉ်းစားစရာလိုသေးလား။ ဘာကိုကြိုးစား

http://www.dhammadownload.com



ခဲ့လို့ ဘာရတာလဲ။

*(သမုဒယသစ္စာကိုကြိုးစားလို့ ဒုက္ခသစ္စာရတာပါဘုရား)*

ဪ...ဒါကြောင့် ဒုက္ခ ဒုက္ခလို့ ခဏခဏ ညည်းနေရတာကိုး။ ဟုတ်လား။ ကိုယ့်သစ္စာလေး ကိုယ်ပေါ်အောင် ကြည့် ဟုတ်လား။ တို့ဟာ မွေးလာတဲ့အချိန်က စပြီး ဒီအချိန်ထိ ကာလတိုင်းမှာ ဘယ်လို နေခဲ့ရသလဲဆိုတာ စဉ်းစားကြည့်ရင် အမေ့ ဗိုက်ထဲမှာကတည်းက ကျဉ်းကျဉ်းကျပ်ကျပ် နဲ့ ဒုက္ခနဲ့နေခဲ့ရတာ။ ပြီးတော့ နေမကောင်း ဖြစ်လိုက်၊ ရောဂါတွေ တစ်ခုပြီးတစ်ခု ကျော်လွှားပြီး ခန္ဓာဖွားတွေအတွက်လည်း သားရေး၊ သမီးရေး၊ စီးပွားရေး၊ ညီအစ်ကို မောင်နှမ မိသားစုကိစ္စအရေးနဲ့ အမြဲတမ်း ကိုယ်ရောစိတ်ပါ ပင်ပန်းနေလာရတာက တစ်ဖုံ၊ မပင်ပန်းရဘူးလား။

*(ပင်ပန်းရပါတယ်ဘုရား)*

ဘာရထားလို့ ဒီလောက်ထိ ယောက်

http://www.dhammadownload.com



ယက်ခတ်ပြီး ပင်ပန်းရတာတဲ့လဲလို့ စဉ်းစား လိုက်တဲ့အခါကျတော့ ဒကာ, ဒကာမတွေ ဘာသစ္စာကို ကြိုးစားမိလို့ပါလိမ့်...။

*(သမုဒယသစ္စာကိုပါဘုရား)*

ဘာသစ္စာရနေတယ်။

*(ဒုက္ခသစ္စာပါဘုရား)*

ကောင်းနေသလား၊ ဆိုးနေသလား။

*(ဆိုးနေပါတယ်ဘုရား)*

ဒါပေမဲ့ ဒကာ,ဒကာမတွေက ကိုယ့် ကိုယ်ကိုယ် ကောင်းတယ်လို့ ထင်,မထင်။

*(ထင်ပါတယ်ဘုရား)*

ထင်ထားတာက အဝိဇ္ဇာ။ ဟုတ်လား။ ခန္ဓာကိုယ်ကြီးက ခင်စရာကောင်းတယ်လို့ မတွေးမိဘူးလား။

*(တွေးမိပါတယ်ဘုရား)*

သာယာစရာ၊ စုံမက်စရာတွေ။ ခန္ဓာ ကိုယ်ကြီးက ခဏာကျန်းမာနေသေးတော့ ငါ

http://www.dhammadownload.com



အလုပ်လုပ်နိုင်သေးတယ်။ ငါ ပစ္စည်းဥစ္စာတွေ ရှာနိုင်သေးတယ်။ ဘယ်လောက်စုထားပြီးပြီ။ ဟော...ပစ္စည်းဥစ္စာကို မျက်စောင်းမထိုးဘူးလား...။

*(ထိုးပါတယ်ဘုရား)*

ငါ့ရဲ့အိမ်က ဘယ်ပုံသဏ္ဌာန်၊ ဘယ်နှစ်ထပ်၊ လှလှလေး။ ပြီးတော့ သားသမီးလေးတွေက ဘယ်လို ဘယ်ရာထူး။ တော်ကြာညီအစ်ကိုမောင်နှမဆီ ရောက်သွားပြန်ပြီ။ ချစ်စရာကောင်းတယ်...စသည်ဖြင့် ဟော...တော်ကြာ စိုက်ပျိုးထားတဲ့ ဥယျာဉ်ဆီရောက်သွားပြန်ပြီ။ စိတ်က ဟိုရောက်ဒီရောက်နဲ့ ရုံးပိုင်း၊ လုပ်ငန်းပိုင်းဆိုင်ရာအလုပ်အကိုင်ဆီ ရောက်သွားပြန်ပြီ။ ကဲ...ဝေဒနာပစ္စယာ ဘယ်ကိုရောက်နေတာလဲ။

*(တဏှာကိုပါဘုရား)*

ဒီအာရုံတွေနဲ့ စွဲလမ်းနေသမျှ တဏှာပစ္စယာ ဘာတဲ့လဲ။

*(ဥပါဒါန်ပါဘုရား)*

http://www.dhammadownload.com



စွဲလမ်းတော့ မပြုလုပ်ရဘူးလား။

*(ပြုလုပ်ရပါတယ်ဘုရား)*

ကဲ...ဥပါဒါန ပစ္စယာ။ ဘာတဲ့လဲ။

*(ကမ္မဘဝပါဘုရား)*

ကမ္မဘဝဆိုတော့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာစက်ရဟတ်ကြီးဟာ ရပ်သွားသလား၊ လည်နေသလား။

*(လည်နေပါတယ်ဘုရား)*

လည်ပြီနော်။ အတိတ်က ဘာသစ္စာနဲ့ လည်လာတယ်။

*(သမုဒယသစ္စာနဲ့ပါဘုရား)*

အခုလဲ ဒကာ,ဒကာမတွေ လက်ရှိရထားတဲ့ ဒုက္ခသစ္စာ ခန္ဓာကြီးမှာ ဘာတွေကို ထပ်ပြီးကြိုးစားနေပါလိမ့်။

*(သမုဒယသစ္စာပါဘုရား)*

ဪ...တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကမ္မဘဝရယ်ဆိုတဲ့ သမုဒယသစ္စာဟာ

http://www.dhammadownload.com



အလွှာနဲ့ပြောရင် ဘာအလွှာပါလိမ့်...။

*(ပစ္စုပ္ပန်အကျိုးတစ်လွှာပါဘုရား)*

အဲဒီတော့ အတိတ်ကလဲပဲ သမုဒယ သစ္စာတွေ ကြိုးစားတယ်။ အခု ပစ္စုပ္ပန်မှာ လဲ သမုဒယသစ္စာတွေပဲ ထပ်ပေါင်းတော့ ဘုရားရှင်က...

"ယာယံ တဏှာ ပေါနောဗ္ဘဝိကာ

နန္ဒီရာဂ သဟာဂတာ တတြတတြာ ဘိနန္ဒိနီ

သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ

အယံ တိန သံယောဇနန္နံ သံသယော တိ ဘဝေါဠှတိ။"

ဘဝသံသရာမှာ အိုရအောင်၊ နာရ အောင်၊ သေရအောင်လို့ အမြဲမပြတ် စွဲပြီး နေတဲ့ ဟောဒီခန္ဓာကိုယ်ထဲမှာ စွဲလမ်းနေတဲ့ တဏှာတရားသည် တိန သံယောဇနာနံ- ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ

http://www.dhammadownload.com



ဟု ဆိုအပ်သော တဏှာသုံးပါးလုံးသည် ပုထုဇဉ်များသန္တာန်မှာ အမြဲမပြတ် တည်ရှိပါပေ၏။ ထိုထိုသော ကာမဂုဏ်အာရုံမှာ ပျော်မွေ့နေတဲ့ 'ကာမတဏှာ' တရားသည်လည်းကောင်း၊ နောင်ခန္ဓာကိုယ်ကြီးတွေမှာ လဲ သားတွေ၊ သမီးတွေနဲ့ ညီအစ်ကိုမောင်နှမတွေနဲ့ ပျော်ပျော်ပါးပါးနေချင်တဲ့'ဘဝတဏှာ' တရားသည်လည်းကောင်း၊ ပစ္စုပ္ပန်ဘဝမှာလဲ ခင်တွယ်၊ နောင်သံသရာမှာလဲပဲ အကြိမ်ကြိမ်အဖန်ဖန် နေရမှာပဲလို့ စွဲလမ်းမှု ဥပါဒါန်တို့ဖြင့် ယှဉ်တွဲနေတဲ့ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟုဆိုအပ်သော တဏှာ ၃ ပါးအပေါင်းသည် နောက်ထပ် အဖန်ဖန် အိုခန္ဓာ၊ နာခန္ဓာ၊ သေခန္ဓာတွင်းထဲသို့ ပြန်ဆင်းရပါလိမ့်မယ်တဲ့။ ဟုတ်လား။

တဏှာဆိုတဲ့ လောဘတဏှာ ဟုတ်လား။ အဲဒီလောဘတဏှာဆိုတဲ့ သမုဒယသစ္စာတရားကို အဖော်ပြုထားလာလေသောကြောင့် ဘုန်းကြီးတို့ဘဝ၊ ဒကာ,ဒကာမ

http://www.dhammadownload.com



တွေ့ဘဝ ရှည်လျားလိုက်တာ။ ဘုရား အဆူဆူနဲ့လွဲပြီးတော့ ခဏခဏ သုသာန်အပို့ခံနေတယ်မဟုတ်လား။

*(တင်ပါ့ဘုရား)*

## သူလည်းမပါ ကိုယ်ဗလာ

ကဲ...ဘာဖြစ်လို့များ သုသာန်အပို့ခံနေရပါလိမ့်လို့ ပြန်လည်ပြီး ဝိပဿနာဉာဏ်မျက်လုံးလေးကိုတပ်ပြီးတော့ ကြည့်လိုက်တဲ့အခါကျတော့ ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတို့ရေ...ဝေဒနာပစ္စယာ ဘာဖြစ်လို့ပါလိမ့်...။

*(တဏှာဖြစ်လို့ပါဘုရား)*

ကြိမ်ဖန်များစွာ ရှုမှတ်ကြိုးစား အားထုတ်လာတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့သန္တာန်ထဲမှာကျတော့ ဝေဒနာပစ္စယာ–ပညာ ဖြစ်လာတယ်နော်။ ဘာကြောင့်လဲဆိုတော့ ဉာဏ်ကလေးနဲ့ ရှုမှတ်သုံးသပ် အကဲခတ်ဖန်များ

http://www.dhammadownload.com



လာလို့ ဟုတ်လား။

ကဲ...မရှုမှတ်ဘဲနေတဲ့ ပုဂ္ဂိုလ်များမှာကျတော့ တဏှာပစ္စယာဉပါဒါန်၊ ဉပါဒါနပစ္စယာ ကမ္မဘဝ ဆိုကတည်းက သမုဒယသစ္စာဖြစ်နေပြီ။ အဲဒီသမုဒယသစ္စာအာရုံနဲ့သာ သေရင် ကမ္မဘဝပစ္စယာ ဇာတိ...ဟော...တန်သွားပြီ။ ဇာတိရပြီ ဆိုကတည်းက ဇာတိပစ္စယာ–ဇရာ,မရဏဆိုတော့ ဒုက္ခ,ဒုက္ခမတွေ ချမ်းသာတဲ့ဘဝလား၊ ဆင်းရဲတဲ့ဘဝလား...။

*(ဆင်းရဲတဲ့ဘဝပါဘုရား)*

အဲဒီဇာတိရတဲ့ပုဂ္ဂိုလ်တွေသည် တခြားလား၊ ခန္ဓာငါးပါးလား။

*(ခန္ဓာငါးပါးပါဘုရား)*

ဟုတ်ပြီ၊ အဲဒီခန္ဓာငါးပါးပိုင်ရှင်တို့ရဲ့ သွားရာလမ်း၊ သွားရမယ့်လမ်းစဉ်က ဘယ်ကို အပို့ခံရမှာတဲ့လဲ။

*(သုသာန်ကိုပါဘုရား)*

http://www.dhammadownload.com



ဟုတ်တယ်။ လူသူမနီးတဲ့ တစ်စပြင်ကြီးကို လွှင့်ပစ်ခံရမှာမဟုတ်လား။ ကိုင်း... ကိုယ့်ရဲ့အမိအဖတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ ဆွေမျိုးတွေ ဒါတွေအကုန်လုံးကို စွန့်ပြီး ပစ္စည်းဥစ္စာတွေကိုထားခဲ့ပြီး သွားရမှာနော၊ ရှေ့ကလဲ သွားခဲ့ကြပြီးပြီ။ သွားတဲ့သူတွေအားလုံးဟာ နောက်ကဆွေမျိုးတွေ ပစ္စည်းတွေ ဘာများပါသွားကြသလဲ။

*(ဘာမှမပါ,ပါဘုရား)*

ပစ္စည်းပါသလား။

*(မပါ,ပါဘုရား)*

သားသမီးတွေရော။

*(မပါ,ပါဘုရား)*

ဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေကလဲပဲ ချစ်လွန်းလို့ ပို့ရင်လဲ သုသာန်လောက်ပဲ ပို့နိုင်တာပါ။ ဟုတ်လား။ သုသာန်လောက်ပဲပို့ပြီး မျက်ရည်လေးသုတ်ပြီး ပြန်လာကြရတာပါ။ အကုန်လုံး မထားခဲ့ရဘူး

http://www.dhammadownload.com


လား။

*(ထားခဲ့ရပါတယ်ဘုရား)*

ပိုင်လို့လား၊ မပိုင်လို့လား။

*(မပိုင်လို့ပါဘုရား)*

## တစ်ဖဝါးမကွာ သူလိုက်လာ

မပိုင်ဘူးဆိုတာလေးတွေကို ဒကာ,ဒကာမတွေ နားလည်သဘောပေါက်နေဖို့ လိုတယ်နော်။ ငါတို့လဲ တစ်နေ့နေ့မှာ ဘာဖြစ်မယ်။

*(သေရပါမယ်ဘုရား)*

ဘယ်လမ်းကိုလျှောက်ရမယ်။

*(သေလမ်းကိုပါဘုရား)*

ဘာသစ္စာနဲ့ ရင်ဆိုင်ရမယ်။

*(ဒုက္ခသစ္စာနဲ့ပါဘုရား)*

မသေချင်ဘဲ သေရတာ ဘာသစ္စာပါလိမ့်။

*(ဒုက္ခသစ္စာပါဘုရား)*

http://www.dhammadownload.com



မသေချင်ဘူးဆိုတာက သမုဒယသစ္စာနော်။ မသေချင်ပင်ငြားသော်လည်း ဒကာ, ဒကာမတွေ လွတ်ငြိမ်းချမ်းသာခွင့် ရရဲ့လား။

*(မရပါဘုရား)*

သေပွဲဝင်ရတာက ဒုက္ခသစ္စာနော်။ မသေချင်တဲ့အာရုံလေးက တဏှာ သမုဒယသစ္စာ။ ကဲ...ဒါဆိုရင် ဒုက္ခသစ္စာနောက်က ဘာသစ္စာထပ်သွားပါလိမ့်...။

*(သမုဒယသစ္စာပါဘုရား)*

## သူ့ကိုဖြတ်မှ အေးချမ်းမည်

သမုဒယသစ္စာကြိုးစားလိုက်၊ ဒုက္ခသစ္စာရလိုက် ဟုတ်လား။ ဒီတော့ ဘာသစ္စာကို ခွာတတ်မှ လွတ်မြောက်မှာတဲ့လဲ။

*(သမုဒယသစ္စာကိုပါဘုရား)*

သေခါနီးမှခွာရမှာလား။ စောစောစီးစီး ခွာထားရမှာလား။

*(စောစောစီးစီးခွာထားရမှာပါဘုရား)*

http://www.dhammadownload.com



ဘာနဲ့ခွာရမှာတဲ့လဲဆိုရင် ဉာဏ်ကလေးနဲ့နော် ဒကာ,ဒကာမတွေ။ အင်း...ပြောတော့ လွယ်တယ်ဗျာ။ သမုဒယသစ္စာက ပြောတော့ သိပ်လွယ်တယ်။ ဟာ...ပယ်ရင် ရတာပေါ့။ ဒါလေးများ တို့ ပယ်နိုင်ပါတယ်။ ဒီလိုဆိုလိမ့်မယ်။ တကယ့်တကယ် ကျတော့ မလွယ်ပါဘူး။

ကဲပါလေ ဒကာ,ဒကာမတွေ သဘောပေါက်,မပေါက် အစမ်းနဲ့သေကြည့် ဟုတ်လား။ ဒကာ,ဒကာမတွေက သားသမီးတွေနဲ့ မိသားစုတွေ အကုန်လုံးချစ်တယ်။ ဒီတော့ သားသမီးတွေ, မြေးတွေ,မြစ်တွေက အများကြီးရှိတော့ ဘုန်းကြီးက အစမ်းနဲ့သေကြည့်ခိုင်းတာ။ သူက သေကြည့်တယ်ပေါ့။ ငါဖျတ်ခနဲဆို သေတော့မယ်။ တကယ်လို့ ငါ အိမ်မှာမရှိတော့ဘူးဆိုရင် အိမ်မှာ ဟိုပစ္စည်း ဘယ်သူကဝှက်ပါ့မလဲ။ ဟင်း... လာပြီ။ ကလေးကို ဘယ်သူထိန်းပါ့မလဲ။ အိမ်က ဟိုဟာကြီးက မလွယ်သေးဘူး။

http://www.dhammadownload.com



အဲ...ပေါ်လာပြီ ပရိသတ်။ သမီးအငယ်ဆုံး ကလဲ အိမ်ထောင်မကျသေးဘူး၊ ဟော... ရောဂါတွေထလာပြီ။ ဘာသစ္စာလို့ခေါ်တယ်။

*(သမုဒယသစ္စာပါဘုရား)*

အဲဒီတော့ ဒကာမကြီးက ဘုန်းကြီး လာလျှောက်တယ်။ အရှင်ဘုရားပြောတဲ့ အတိုင်း တပည့်တော် အစမ်းသေကြည့် တော့ မျက်ရည်ကျလာတယ်ဘုရားတဲ့။ ကဲ...အစမ်းသေတဲ့ပုဂ္ဂိုလ် မသေရဲလို့ ဘာ ကျလာပါလိမ့်...။

*(မျက်ရည်ပါဘုရား)*

ကျုပ်တို့ ဒကာ၊ဒကာမတွေလဲ ကိုယ့် ကိုယ်ကိုယ် အစမ်းသေကြည့်ပေါ့ ဟုတ် လား။ ဘုန်းကြီးရှေ့တော့ မပြောနဲ့ပေါ့။ လူကြားထဲ အရှက်ကွဲလိမ့်မယ်။ ဟုတ်လား။

အေး...ကြိုတင်ပြီးတော့ ဓမ္မစွမ်းအား တွေ မရှိသေးဘူး၊ အရိယာစာတ် ဒိဋ္ဌိမပြုတ်

http://www.dhammadownload.com



သေးရင် မသေရဲသေးဘူး ဒကာ,ဒကာမ တွေ...ရှင်းရဲ့လား။ ဘာဒိဋ္ဌိက ရှေ့ကလာ မယ်။

*(သက္ကာယဒိဋ္ဌိပါဘုရား)*

ငါ့ခန္ဓာ၊ ငါ့ပစ္စည်း၊ ငါ့သားသမီး၊ ငါ့ ဆွေမျိုး၊ ငါ့ဇနီးမယား ခင်ပွန်း...အစရှိသည် အားဖြင့် ငါအဖြစ်နဲ့ သိမ်းပိုက်ထားတဲ့ အာရုံ တွေ မဝင်လာဘူးပေါ့။

*(ဝင်လာပါတယ်ဘုရား)*

ဒါတွေကို ဒကာ,ဒကာမတွေ ဉာဏ်နဲ့ ဖြတ်ရမယ်နော်။ ဘာနဲ့ဖြတ်ရမယ်။

*(ဉာဏ်နဲ့ပါဘုရား)*

ပါးစပ်နဲ့ဖြတ်လို့ ရပါ့မလား။

*(မရပါဘုရား)*

စာအုပ်နဲ့ကြည့်ဖြတ်နေလို့ ရပါ့မလား။

*(မရပါဘုရား)*

ဒါဆိုရင် ကဲ...ခန္ဓာကိုယ်ထဲမှာ ဘာနဲ့ ဝင်ပြီး ဖြတ်ရမယ်။

http://www.dhammadownload.com



*(ဉာဏ်နဲ့ပါဘုရား)*

ဝိပဿနာဉာဏ်လို့ခေါ်တယ်နော်။ ဘာဉာဏ်တဲ့လဲ။

*(ဝိပဿနာဉာဏ်ပါဘုရား)*

## ကြေးမုံဉာဏ်မှာထင်မြင်လာ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘိက္ခုဝေ–သံသရာဘေးဘယ တွေးဆမြော်မြင် အသိဉာဏ်တရားတွေရရှိကြကုန်သော အိုချစ်သားချစ်သမီးတို့၊ တုံမေ–သင်ချစ်သားချစ်သမီးတို့သည်၊ အယံကာယော–တစ်လံမျှလောက်ဖြစ်သော ဟောဒီခန္ဓာကိုယ်ကြီးဝယ် ဝိပဿနာဉာဏ်နဲ့ ငြိမ်ငြိမ်လေး ဝင်လေ,ထွက်လေ ပုံမှန်လေး မှတ်ဖန်များလာတော့ ခန္ဓာကိုယ်ကြီးက ဖောက်ပြန်လာမယ်။ မဖောက်ပြန်ဘူးလား။

*(ဖောက်ပြန်ပါတယ်ဘုရား)*

တရွရွ၊ တမွမွ၊ တလှုပ်လှုပ်၊ တဖြုတ်

http://www.dhammadownload.com



ဖြူတက်နဲ့ တောင့်တာ တင်းတာ၊ ညှောင်းတာ၊ ကိုက်တာခဲတာတွေ ပေါ်လာမယ်။ အဲဒီပေါ် လာတဲ့နေရာမှာ သတိလေးထောက်ပြီး ဉာဏ်လေးနဲ့ ကြည့်သည်ရှိသော် နော်... ဝိပဿနာဉာဏ်ဆိုတဲ့ အာရုံလေးကို ဒကာ, ဒကာမတွေ ပေါ်လွင်အောင်ပြောနေတယ်။ အဲဒီဖောက်ပြန်နေတဲ့နေရာလေးမှာ သတိ လေး ကပ်ပြီးတော့ ဉာဏ်လေးနဲ့ အကဲခတ် သည်ရှိသော်...

အယံကာယော–ဤနာမကာယ၊ ရူပ ကာယလို့ခေါ်တဲ့ ရုပ်,နာမ်,ဓမ္မ သင်္ခါရတရား တို့၏၊ ခယဋ္ဌေန–ကုန်ခန်းခြင်းသဘောကို၊ ပဇာနာတိ–တွေ့အောင်ကြည့်လိုက်ကြစမ်း ပါ။ ဘုရားရှင်က ကြည့်ခိုင်းတာနော်။

မမြဲတဲ့ခန္ဓာကိုယ်ကြီးကို မမြဲပါလားလို့ ဉာဏ်လေးနဲ့ မြင်ခိုင်းတာနော်။

*(တင်ပါ့ဘုရား)*

ချမ်းသာတဲ့ခန္ဓာလို့ မြင်ခိုင်းတာလား၊ ဆင်းရဲတဲ့ခန္ဓာလို့ မြင်ခိုင်းတာလား။

http://www.dhammadownload.com



*(ဆင်းရဲတဲ့ခန္ဓာလို့ပါဘုရား)*

ဪ...ခန္ဓာတစ်ခုလုံး ဆင်းရဲနေပါလား။ ဟိုကနိုပ်စက်၊ ဒီကနိုပ်စက်၊ ရန်သူတွေ မြောက်မြားစွာနှိပ်စက်နေတဲ့ ခန္ဓာကိုယ်ကြီးပါလားရယ်လို့ ကိုယ်ပိုင်ဉာဏ်ဖြင့် အမြဲမပြတ် ကြည့်ရှုသည်ရှိသော် ဒကာ,ဒကာမတို့ရေ...တစ်ကိုယ်လုံးဟာ အတ္တလား၊ အနတ္တလား။

*(အနတ္တပါဘုရား)*

## အမှားကင်းပျောက် အမှန်ရောက်

အယံနာမရူပံ–ဤ ရုပ်တရား,နာမ်တရားလို့ဆိုအပ်သော ဖောက်ပြန်တတ်တဲ့သဘောနဲ့ သိတတ်တဲ့သဘောတို့သည်၊ အသာရကဋ္ဌေန–အနှစ်သာရ ဘာတစ်ခုမျှ ရှာဖွေလို့ မတွေ့ခြင်းကြောင့်၊ အနတ္တ–ကိုယ်မပိုင်အစိုးမရတဲ့ ခန္ဓာကိုယ်ကြီးပါလား၊ ဣတိ–ဤသို့၊ ယထာဘူတံ–ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ–ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းပြီး ကြည့်

http://www.dhammadownload.com



လိုက်ကြစမ်းပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူတစ်ပါးကိုကြည့်ခိုင်းတာလား၊ ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ကြည့်ခိုင်းတာလား။

*(ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ကြည့်ခိုင်းတာပါဘုရား)*

ဒီခန္ဓာကိုယ်ထဲမှာ ဉာဏ်ကလေးနဲ့ အကဲခတ်ပြီးတော့ ပေါ်နေတဲ့နေရာ၊ ပေါ်ခန္ဓာလေးကို သတိနဲ့ကပ်ကပ်ပြီး ကြည့်ရမယ်မဟုတ်လား။ ကြည့်တော့ ဒကာ,ဒကာမတွေ...အဲဒီ ပေါ်တဲ့နေရာလေးတွေဟာ မြဲ, မမြဲ။

*(မမြဲပါဘုရား)*

ဘယ်နေရာကြည့်လိုက်ကြည့်လိုက် ငါဆိုတာ မရှိပါလားလို့ လောကကြီးကို သုညဖြစ်သွားအောင် မြင်လာတာ ပရိသတ်ဟုတ်လား။ လောကကြီး ဘာဖြစ်သွားပါလိမ့်။

*(သုညဖြစ်သွားပါတယ်ဘုရား)*

http://www.dhammadownload.com



နော်...ငါဆိုတာမရှိဘူး။ ငါ့ပစ္စည်းဆိုတာ မရှိဘူး။ ငါ့သားသမီး ဒါတွေ မရှိဘူး။ ငါမှမရှိဘဲ။ ငါ့ကိုအစွဲပြုပြီးမှ တခြားဟာတွေ ရှိပါ့မလား။

*(မရှိပါဘုရား)*

ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဆိုတာကော ရှိပါ့မလား။

*(မရှိပါဘုရား)*

အဲသလို မရှိတာကို မရှိမှန်း ဒကာ,ဒကာမတွေ ဘာလေးနဲ့ မြင်ရမယ်။

*(ဉာဏ်ကလေးနဲ့ပါဘုရား)*

ဩော်...ငါလို့ အပြောသာရှိပြီး သဘောက ခန္ဓာတစ်ခုလုံးသည် ဖြစ်လိုက်, ပျက်လိုက်၊ ဖြစ်လိုက်,ပျက်လိုက်နဲ့ ဒုက္ခသစ္စာကြီးသာ ရှိပါတကားလို့ အများတွေပျောက်ပြီး အမှန်ရောက်လာတာနော။ ဘာပျောက်ပြီး ဘာရောက်လာပါလိမ့်။

*(အများပျောက်ပြီး အမှန်ရောက်လာတာပါဘုရား)*

http://www.dhammadownload.com



ဟုတ်တယ်။ ဝိပဿနာဉာဏ်မျက်လုံးလေး, ဝိပဿနာစာတ်မီးလေးနဲ့ထိုး။ ထိုးကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ထဲမှာ ပေါ်လာတာမှန်သမျှတွေသည် ဖြစ်ပြီးဘာဖြစ်သွားပါလိမ့်။

*(ချုပ်ပျောက်သွားပါတယ်ဘုရား)*

ဖြစ်ပျက်က ဘာသစ္စာ...။

*(ဒုက္ခသစ္စာပါဘုရား)*

လှမ်းသိနေတာလေးက ဘာသစ္စာ...။

*(မဂ္ဂသစ္စာပါဘုရား)*

သေနေတာက ဘာသစ္စာ...။

*(သမုဒယသစ္စာပါဘုရား)*

ငြိမ်းတာ ဘာသစ္စာ...။

*(နိရောဓသစ္စာပါဘုရား)*

အဲသလို သစ္စာလေးပါး နှလုံးသားရင်ခွင်ထဲမှာ ဝိပဿနာဉာဏ်နဲ့ပေါ်ရင် ဗုဒ္ဓဘာသာကောင်း တစ်ယောက်ဖြစ်ပြီဗျာ။

http://www.dhammadownload.com



ရှင်းပြီမဟုတ်လား။ ဒီအသိဉာဏ်လေးမှ မတွေ့သေးဘူး၊ မမြင်သေးဘူးဆိုရင် ဗုဒ္ဓဘာသာမမှန်သေးဘူး။ အမည်ခံပဲကျန်သေးတာ။ ဗုဒ္ဓ၏အဆုံးအမတရား မကိန်းသေးဘူးလို့ ပြောတာနော်။ ဘုန်းကြီးက ခရစ်ယာန်ဘာသာလို့ ပြောတာမဟုတ်ဘူး။ တခြားဘာသာလို့ ပြောတာမဟုတ်ဘူး။ ဗုဒ္ဓဘာသာအစစ် မဟုတ်သေးဘူးလို့သာ ပြောတာ။ ရှင်းတယ်နော်။

ဝိပဿနာဉာဏ်လေးနဲ့ ခန္ဓာကိုယ်ထဲမှာ ဝင်ကြည့်တော့မှ ဝိပဿနာဉာဏ်ဆိုတာ နံပါတ်(၂)မှ နံပါတ်(၃) မကူးခင်လေးမှာ (ဝါ) ဝေဒနာမှ တဏှာကိုမကူးခင်လေးမှာနော်။

ခံစားနေတာက ဝေဒနာ၊ ဖောက်ပြန်နေတာက ဝေဒနာ။ အဲဒီဝေဒနာဆိုတဲ့ ဖောက်ပြန်နေတဲ့နေရာလေးထဲမှာ ပေါ်နေတဲ့ နေရာလေးထဲမှာ ဒုက္ခ,ဒုက္ခမတွေ့ သတိနဲ့ထောက်၊ ဉာဏ်လေးနဲ့ ကြည့်ရတယ်

http://www.dhammadownload.com



မဟုတ်လား။ ကြည့်တော့ အကြည့်ခံဖြစ်တဲ့ အဲဒီဖောက်ပြန်နေတဲ့ သဘောလေးတို့သည် ကြည့်ရင်းကြည့်ရင်းနဲ့ ပြောင်းလဲလာတယ်။ ဟုတ်လား။ အစပထမတော့ ငြိမ်နေသလိုလို၊ တစ်ပြင်တည်းလိုလို၊ ဝေဒနာပေါ်ရင်လည်း ဝေဒနာဟာ နာတာတစ်ပြင်တည်းကြီးလိုလို၊ သံပြားကြီးနဲ့ ကပ်ထားသလိုလို၊ သံချောင်းကြီးနဲ့ထိုးထားသလိုလို၊ သံမှိုကြီးနဲ့ ရိုက်ထားသလိုလို၊ အပ်တွေနဲ့ထိုးနေဘိသကဲ့သို့ တွေ့နေတာပဲ။ သို့သော် ဉာဏ်ကလေးနဲ့ အကဲခတ်ကြည့်ဖန် များလာတဲ့ခါကျတော့ သံပြားကြီးလဲမဟုတ်၊ သံချောင်းကြီးထိုးထားသလိုလဲမဟုတ်၊ မီးနဲ့မြှိုက်ထားသလိုလဲ မဟုတ်ပါဘဲနဲ့ ဖောက်ပြန် ချုပ်ပျောက်နေတဲ့ ပြောင်းလဲနေတဲ့သဘောလေးကို တွေ့လာမယ်။ စက္ကန့်တိုင်း စက္ကန့်တိုင်း တဖျပ်ဖျပ်နဲ့ ဖြစ်လိုက်,ပျက်လိုက်၊ ဖြစ်လိုက်,ပျက်လိုက်နဲ့ အစားထိုးပေါ်လာရင်း ချုပ်ပျောက်သွားရင်း၊ အစားထိုးပေါ်လာရင်း

http://www.dhammadownload.com



ချုပ်ပျောက်သွားရင်း၊ တစ်ခုချင်း တစ်ခုချင်း ပြောင်းလဲနေတာတွေကို ဉာဏ်ထဲမှာ တွေ့နေရမယ်နော်။ အဲသလို ဆင်ကွဲမြင်မှ ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဖြစ်ပြီ။ သာသနာတွင်းမှာ လူဖြစ်ကျိုးနပ်ပြီဗျာ။ ဒီအသိဓာတ် ဉာဏ်ဓာတ် ခန္ဓာကိုယ်ထဲမှာ မကိန်းသေးဘူးဆိုရင် တောကြိုတောင်ကြား၊ ဇနပုဒ်မှာ လူဖြစ်နေတာနဲ့ အတူတူပဲ။ ဟုတ်ကဲ့လား ပရိသတ်။ ဘုန်းကြီးတို့က အပင်ပန်းခံပြီး ပြောနေ သင်ပြနေတာဟာ ဒီတရားလေးတွေ သဘောပေါက်စေချင်လို့ ဟုတ်လား။ အခွင့်ကောင်းလေးတွေရတုန်း ကြိုးစားထားစေချင်လို့။ ဒီဘုန်းကြီးကလဲ ဟောနိုင်သေးလို့။ ခန္ဓာကိုယ်ကြီးဆိုတာ တစ်နေ့တစ်မျိုး ပြောလို့ရရဲ့လား။

*(မရပါဘုရား)*

ဘယ်ရောဂါကြီးက ဘယ်အချိန် လာနှိပ်စက်မယ်ဆိုတာ ကြိုတင်မသိနိုင်ဘူး ဟုတ်လား။ ကဲ...ဒကာ,ဒကာမတွေ၊ ဘုန်း

http://www.dhammadownload.com



ကြီးတို့ အခု တရားနာနေတဲ့ခန္ဓာကိုယ်ကြီးကို မျက်စိလေး အနည်းငယ်မှိတ်ပြီး ခန္ဓာကိုယ်ကို ကြည့်လိုက်တဲ့အခါကျတော့ ငြိမ်နေသလား၊ ဖောက်ပြန်နေသလား။

*(ဖောက်ပြန်နေပါတယ်ဘုရား)*

## ခန္ဓာဒုက္ခ သက်သေပြ

တစ်ခါတစ်ရံ ညောင်းနေတယ်။ တစ်ခါတစ်ရံကျတော့ အေင့်လာတယ်၊ ထုံလာတယ်၊ ကျင်လာတယ်၊ ကိုက်လာတယ်ဟုတ်ကဲ့လား။ ဇက်ကြောတွေတက်လာတာက တစ်မျိုး၊ ကဲ...ဟိုဘက်လှည့်ပေးရ၊ ဒီဘက်လှည့်ပေးရ ဟုတ်လား။ အဲဒါ မြဲတယ်ပြောတာလား၊ မမြဲဘူးလို့ပြောတာလား။

*(မမြဲဘူးလို့ပြောတာပါဘုရား)*

ချမ်းသာတယ်လို့ပြောတာလား၊ ဆင်းရဲတယ်လို့ပြောတာလား။

*(ဆင်းရဲတယ်လို့ ပြောတာပါဘုရား)*

http://www.dhammadownload.com



ဘယ်သူက တရားပြနေတာ...။

*(ခန္ဓာက တရားပြနေတာပါဘုရား)*

ခန္ဓာကပြနေတာက အမှန်ပြတာနော်။ ဒကာ,ဒကာမတွေ ယူထားတာက မှားနေတာ။ ခန္ဓာက အမှန်ပြောနေတယ်။ ခန္ဓာက ဘာသစ္စာလို့ ပြောနေတယ်။

*(ဒုက္ခသစ္စာလို့ ပြောနေပါတယ်ဘုရား)*

ဒုက္ခသစ္စာလို့ ပြောနေတယ်။ မမြဲဘူးကွ။ ဒီမှာကြည့်၊ နင့်ခန္ဓာမကောင်းဘူး။ ရောဂါကြီး ရောဂါငယ်တွေနဲ့ ဒုက္ခပေါင်းမြောက်မြားစွာ ပြည့်ကျပ်ပြီးနေတဲ့ ခန္ဓာကိုယ်ကြီး၊ ဒီမှာကြည့်စမ်း...ဒီမှာကြည့်စမ်းလို့ ဘယ်သူကပြောနေတယ်။

*(ခန္ဓာကပြောနေပါတယ်ဘုရား)*

ခန္ဓာကပြောတာကို ဒကာ,ဒကာမတွေက ငြိမ်ငြိမ်လေး ထိုင်မကြည့်တဲ့အခါကျတော့ ဘယ်သိပါ့မလဲ။ သိပါ့မလား။

*(မသိပါဘုရား)*

http://www.dhammadownload.com



ခန္ဓာကတော့ ပြပါရဲ့၊ ပြရုံရှိသေး၊ ညောင်းလာတော့ ဟိုဘက်လှည့်ချလိုက်တာပဲ။ ထသွားလိုက်တာပဲ။ ညောင်းတယ်၊ ငါ ထလိုက်မှာပဲ...ဒီလိုလေ။ ဟုတ်လား။ အဲဒီ ညောင်းတယ်ဆိုတာက ခန္ဓာက ဘာသစ္စာလို့ ပြောနေတယ်။

*(ဒုက္ခသစ္စာလို့ ပြောနေပါတယ်ဘုရား)*

ညော်...ငါ အညောင်းမိလို့ ထင်ပါရဲ့ ဆိုပြီး ညောင်းတာအပေါ်မှာ ငါက မလာဘူးလား။

*(လာပါတယ်ဘုရား)*

အဲဒီ ငါဆိုတာက ဒိဋ္ဌိ ဟုတ်လား။ ခန္ဓာကိုယ်ကြီးက အညောင်းမိနေတယ်လို့ ထင်တာက သက္ကာယ။ အဲဒီတော့ ပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိဖြစ်သွားတယ် မဟုတ်လား။ အမှန်က ဘယ်သူက ဖောက်ပြန်နေတာ။

*(ခန္ဓာက ဖောက်ပြန်နေတာပါဘုရား)*

http://www.dhammadownload.com



ခန္ဓာကိုယ်ကြီးက ဖောက်ပြန်နေတာ၊ ဖောက်ပြန်နေတာလို့ မြင်ရမယ်နော်။ ခန္ဓာကိုယ်ကြီးက အမြဲတမ်း တရားတွေပြနေတယ်။ ဟုတ်လား။ ခန္ဓာက ဘာတွေပြနေပါလိမ့်။

*(တရားပြနေပါတယ်ဘုရား)*

တရားပြနေတာကို ဒကာ,ဒကာမတွေက ဉာဏ်မျက်လုံး၊ အရိယာမျက်လုံး တပ်မကြည့်တဲ့အခါ ဝေဒနာပစ္စယာ ဘာပါလိမ့်။

*(တဏှာပါဘုရား)*

တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝဆိုတော့ ကမ္မဘဝ ပစ္စယာ ဇာတိကဲ...သံသရာစက်ရဟတ်ကြီး ဒကာ,ဒကာမတွေ ရပ်သွားသလား၊ လည်သွားသလား။

*(လည်သွားပါတယ်ဘုရား)*

ဇာတိလို့ရလာတဲ့ ဒုတိယဘဝမှာ ကဲ... ခန္ဓာရပြန်တော့ ဘာသစ္စာရပြန်တယ်။

*(ဒုက္ခသစ္စာပါဘုရား)*

http://www.dhammadownload.com



ဇာတိပိ ဘာသစ္စာပါလိမ့်။

*(ဒုက္ခသစ္စာပါဘုရား)*

## ပျားရည်တစ်စက်–တစ်ခွက်တမာ

ပြီးတော့ ဇရာပိ ဒုက္ခသစ္စာ၊ မရဏပိ ဒုက္ခသစ္စာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာတဲ့။ အားလုံးဟာ ဒုက္ခသစ္စာပဲလို့ ဘုရားရှင်က ဟောတယ် နော်။

အင်း...ကိုယ်ချစ်ခင်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူတကွမနေရတာလဲပဲ ဒုက္ခသစ္စာပဲမဟုတ်လား။ မချစ်မနှစ်သက်သော ပုဂ္ဂိုလ်တွေနဲ့နေရတာကလဲ ဒုက္ခသစ္စာ၊ မချစ်မနှစ်သက်သော ညီအစ်ကိုမောင်နှမတွေနဲ့၊ သားဆိုး သမီးဆိုးတွေနဲ့၊ မိသားစုတွေနဲ့ နေကြရတာဟာလဲပဲ ဒုက္ခ။ အလိုရှိအပ်သော ဝတ္ထု

http://www.dhammadownload.com


အာရုံတို့ကို မရရှိလို့ ပင်ပန်းရတာဟာလဲ ဒုက္ခသစ္စာနော်။ ဒါဆိုရင် ရုပ်ကိုစွဲလမ်းနေတဲ့ ခန္ဓာ၊ ဝေဒနာကိုစွဲလမ်းနေတဲ့ ခန္ဓာ။

သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါး၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ရရှိခြင်းကြောင့် ပင်ပန်းနေရတာကလဲ ဒုက္ခသစ္စာဆိုတော့ တစ်ကိုယ်လုံးမှာ ဒကာ,ဒကာမတွေ သုခလေးရှာကြည့်လိုက်ပါဦး။ ဘယ်နားမှာတည်နေလဲ။ သုခ ရှာတွေ့ရဲ့လား။ ဆံပင် ဆံချောင်းလေးကြားမှာလား၊ လက်သည်းခွံကြားမှာလား၊ ခြေသည်းခွံကြားမှာလား တွေ့ရဲ့လား။

*(မတွေ့ပါဘုရား)*

ဟာ...အရင်တုန်းက ခင်ဗျားတို့ကပဲ လူချမ်းသာကြီးဆိုပြီး ပြောလာလိုက်ကြတာ ဟုတ်လား။ ငါ ပစ္စည်းဘယ်လောက်ရှိတယ်။ တို့မှာ သိန်းကဘယ်လောက်ရှိပြီ။ ဒီလောက်ရှိရင် ဘယ်သူ့ကိုမှ အရေးစိုက်စရာမလို

http://www.dhammadownload.com



ဘူး။ တစ်သက်လုံး ကိုယ့်ဟာကိုယ် အေးအေး ဆေးဆေးပဲ။ အမယ်...တစ်သက်တာ ဘယ် တော့မှ မဆင်းရဲတော့ဘူး။ ဆင်းရဲမယ် ဆိုတာ တို့ ဘယ်တော့မှ မယုံဘူးဆိုပြီး ဘာလေးကို မျက်စောင်းထိုးနေတယ်။ အထုပ် ကလေးကို ဟုတ်လား။ ဘာကိုတဲ့လဲ။

*(အထုပ်ကိုပါဘုရား)*

ဒကာ,ဒကာမတွေ အထုပ်က ငယ်သေး တယ်။ ဒီ့ထက် ကြီးအောင်လုပ် ဟုတ်လား။ ဘာလေးငယ်သေးတယ်။ အထုပ် ငယ်သေး တယ်နော်။ ဘာထုပ်လဲဆိုရင် ဥပါဒါန်ထုပ်၊ သမုဒယထုပ် ဟုတ်လား။

သမုဒယအထုပ်ကြီးလေ အစိစိငရဲကို ရောက်လေလေ။ ဘာက အစိစိကိုပို့မှာလဲ ဆိုရင် အထုပ်ကိုစွဲနေတဲ့စိတ်က ပို့မှာ ရှင်း ကော ရှင်းရဲ့လား။

*(တင်ပါ့ဘုရား)*

ဘုန်းကြီးတို့ ပြောဖူးပါတယ်။ ပောဖူး

http://www.dhammadownload.com



ပါတယ်။ အိမ်စောင့်ကုလားလေးလေ။ အိမ်စောင့် ကုလားလေးက နေ့တိုင်းနေ့တိုင်း ညနေကျရင် ဗုံလေးတီးပြီး က,တယ်မဟုတ်လား။ သူ့မှာ ဝတ်စရာလဲမပူရဘူး။ စားစရာလဲ မပူရဘူး။ နေရေးထိုင်ရေးကလဲ သူ့မှာ ခြံဝမှာ အဆောင်လေးရှိတယ်ဆိုတော့ သူ့အတွက် အဆင်ပြေတယ်။ ဗုံလေးတီးပြီး ညနေတိုင်း က,တာ။ သုံးထပ်တိုက်မှာရှိတဲ့ သူဌေးကြီးက ဒီကောင်လေးရှိလို့ ငါ ချမ်းချမ်းသာသာနေရတာ။ မဟုတ်ရင် ငါ အန္တရာယ် သိပ်များတယ်။ တော်တော်ကြာ နည်းနည်းမိုးချုပ်လာရင် တံခါးပိတ်ထားပေမဲ့လဲ စိတ်မချရဘူး။ သူဌေးကြီးက စိတ်မှာ မလုံဘူးဖြစ်နေတာနော ဟုတ်လား။ နည်းနည်းလေး မိုးချုပ်တာနဲ့ တံခါးလေးမြန်မြန်ပိတ် ဟုတ်လား။ မတော်တဆဆိုရင် ဒုက္ခ။ ဟော...ဘယ်သူက ခြောက်လှန့်နေတာ။ ပစ္စည်းဥစ္စာက မိမိရဲ့စိတ်ကို ခြောက်လှန့်နေတာမဟုတ်လား။ တို့ကကွာ ဒီကောင်လေး

http://www.dhammadownload.com



ရှိနေလို့ အဆင်ပြေနေတာ ကျေးဇူးတင်တယ်။ ကဲ…ခေါ်လိုက်ပါဦးဆိုပြီး ဘာပေးသလဲဆိုရင် ပိုက်ဆံငွေတစ်ဆယ် ဆုချတာတဲ့၊ ဟုတ်လား။ ခြံစောင့်ကုလားလေးကလဲ ပိုက်ဆံ ငွေတစ်ဆယ်ကို ခါးပိုက်ထဲထည့်လိုက်ရင်လည်း ပြုတ်ကျပြီး ပျောက်သွားမှာစိုး၊ တော်တော်ကြာ နားမှာညှပ်ကြည့်တယ်။ ဒါလဲ ပြုတ်ကျရင် ဒုက္ခ။ ကဲ… အိမ်ခေါင်မိုးမှာချိတ်ထားလဲ သူခိုးခိုးရင် ဒုက္ခပဲဆိုပြီး ဘာဖြစ်နေသလဲဆိုရင် ပိုက်ဆံတစ်ဆယ်ကို ထားစရာမရှိလို့ ဒုက္ခဖြစ်နေတာဟုတ်လား။ အများကြီးမဟုတ်ဘူးနော်။ ငွေလေး တစ်ဆယ်နဲ့ တစ်နေကုန် စိတ်ညစ်နေရတယ်။ ကဲ…ညကျရင် အိပ်လို့ရသေးရဲ့လားဆိုရင် အိပ်လို့မရတော့ဘူး။ ဗုံလဲမတီးနိုင်တော့ဘူး။ သီချင်းလဲ မဆိုနိုင်တော့ဘူး။ တစ်ရက်ကနေ နှစ်ရက်,သုံးရက် ဖြစ်လာတော့ စဉ်းစားလာတယ်ဟုတ်လား။ ငါအခါတိုင်းဆိုရင် အိပ်ရေး၀၀ အိပ်ပျော်

http://www.dhammadownload.com



တယ်။ ဗိုလ်လဲတီးနိုင်တယ်။ သီချင်းလဲဆိုနိုင်တယ်။ အခုတော့ ဒီငွေတစ်ဆယ်ရှိနေလို့ ဘာမှမလုပ်နိုင်တော့ဘူး။ သူဌေးကြီး ပြန်ပေးမှပဲဆိုပြီး ပြန်သွားပေးတယ်နော်။

ဒကာ,ဒကာမတွေကို ဥပမာပြောပြတာပါ။ ဒီပစ္စည်းဥစ္စာတွေပေါ်မှာ စွဲလမ်းကပ်ငြိနေတဲ့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ သမုဒယသစ္စာအာရုံခံတက်က ကိုယ့်ကိုခြောက်လှန့်နေတာ။ ညကျရင် အိပ်ပျော်ရဲ့လား။ ခွေးဟောင်သံကြားရင် ဘာဖြစ်ပြန်တယ်။ အနားမှာအိပ်နေတဲ့ အိမ်ရှင်ဒကာကြီးကို ထနှိုးရတယ်ဟုတ်လား။ သူခိုးဝင်သလားမသိဘူး။ တော်ကြာ တံခါးဘေးမှာလာချောင်းရင် ဒုက္ခဆိုပြီး ဘာသစ္စာဖြစ်နေတယ်။

*(သမုဒယသစ္စာပါဘုရား)*

ဘယ်သူကခြောက်လှန့်နေတာပါလိမ့်။

*(ပစ္စည်းဥစ္စာက ခြောက်လှန့်တာပါဘုရား)*

http://www.dhammadownload.com



ဒီစိတ်နဲ့သေလို့ရှိရင် အဲဒီပစ္စည်းပေါ်မှာ တွယ်တာကပ်ငြိနေတဲ့ ဥပါဒါန် သမုဒယ သစ္စာက ဒုတိယဘဝဆီကို ပို့ပေးလိုက်တယ်။ ဟုတ်လား။ နှလုံးမသာယာသော စိတ်၊ ဒေါမနဿစိတ်၊ ဒီဒေါသစိတ်နဲ့ သေရင် ငရဲပြည်ကိုရောက်မယ်။ ဒကာ,ဒကာမတွေ ဘာမရှိသော ပုဂ္ဂိုလ်တွေအတွက်ပါလိမ့်။

*(တရားမရှိသောပုဂ္ဂိုလ်အတွက်ပါဘုရား)*

## သေမင်းလက်မှ ပြေးမလွတ်

ကြိုတင်ပြီးတော့ တရားထူး တရားမြတ်ကို ကျင့်ကြံပွားများအားထုတ်လို့ ဒိဋ္ဌိမပြုတ်ထားရင် ဒေါသနဲ့လဲသေနိုင်ပါတယ်။ လောဘစိတ်နဲ့လဲ သေနိုင်ပါတယ်။ တွေဝေမေ့မြောပြီး မောဟစိတ်နဲ့လဲ သေနိုင်ပါတယ်။ ဆိုတော့ ဒီလောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတို့သည် ဘုန်းကြီး

http://www.dhammadownload.com



တို့ ဒကာ,ဒကာမများအတွက် ချမ်းသာတဲ့ နေရာကိုပို့မှာလား၊ ဆင်းရဲတဲ့နေရာကိုပို့ မှာလား။

*(ဆင်းရဲတဲ့နေရာကိုပါဘုရား)*

သိပ်ဆိုးတယ်နော်။ လောဘနဲ့သေရင် ပြိတ္တာကြီးဖြစ်မယ်။ မောဟနဲ့သေရင်လဲ တိရစ္ဆာန်ဖြစ်မယ်။ နံပါတ်(၃)ဟာ သိပ်ဆိုး တယ်နော်။ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကမ္မဘဝရယ် ဒီထက်မက ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါးကို ပြောမယ်ဆိုရင် ဘာ တဲ့လဲ။

*(တဏှာ ဥပါဒါန်ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဘုရား)*

အဲဒီပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး တဏှာဥပါဒါန်ဘဝ အဝိဇ္ဇာသင်္ခါရလဲ ခန္ဓာ ထဲမှာကိန်းရော။ ဒကာ,ဒကာမတွေ သင်္ခါရ ပစ္စယာ ဝိညာဏ်ရတယ်ဗျာ။ တစ်နည်းအား ဖြင့် ကမ္မဘဝ ပစ္စယာ ဇာတိ။ ဇာတိ ဆိုက

http://www.dhammadownload.com



တည်းက ဇရာမရဏာဆီမှာ ဒူးထောက်လက်မြှောက်၊ မမြှောက်ချင်ဘဲ မြှောက်ရတာလား။

*(မမြှောက်ချင်ဘဲ မြှောက်ရတာပါဘုရား)*

မတတ်နိုင်တော့ဘူး ဟုတ်လား။ ပြေးလို့လဲ မလွတ်တော့ဘူး။ လွတ်နိုင်ပါ့မလား။

*(မလွတ်နိုင်ပါဘုရား)*

ဇရာ၊ မရဏာနယ်ပယ်ကိုရောက်လာရင် ကိုယ့်လက်ကလေးကိုမှ ချီမလို့ မရတော့ဘူး။ ဒူးနဲ့တွားလဲ မရတော့ဘူး။ အားအင်တွေ ဆုတ်ကုန်ပြီ ပရိသတ်။ ဘယ်သူက နှိပ်စက်လိုက်တာလဲဆိုရင် ဇရာက နှိပ်စက်တာကတစ်မျိုး၊ ဗျာဓိတရားက နှိပ်စက်တာကတစ်မျိုး။ ဟုတ်လား။

အဲသလိုနှိပ်စက်မှု မြောက်မြားစွာကုန်ရင် မရဏာဆိုတဲ့ သေမင်းလက်ထဲကို အပ်လိုက်ရတာ ဟုတ်လား။ အဲဒီအချိန်မှာ

http://www.dhammadownload.com



ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ကဲ...ကြည့်စမ်းပါဦး။ တစ်ယောက်တည်းလား၊ အများကြီးလား။

*(တစ်ယောက်တည်းပါဘုရား)*

မြေစာပုံဖြစ်သွားပြီ ဟုတ်လား။ တစ်သက်လုံးမှာ လောဘဇောတွေ၊ ဒေါသဇောတွေ၊ မောဟဇောတွေနဲ့ ရာဖွေစုစည်းပြီးနေလာခဲ့တာ။ ရသာရမယ်ဆိုရင် ဘနဖူးလဲသိုက်တူးမှာပဲ။ တရားတာရော၊ မတရားတာရော ရှာခဲ့တဲ့ပစ္စည်းဥစ္စာတွေ၊ လုပ်လာခဲ့တဲ့ ကံတရားတွေ၊ အကုသိုလ်ကံတရားတွေက ကဲ...ဘယ်ကိုပို့လိုက်ပါလိမ့်။

*(မကောင်းသောဘဝပါဘုရား)*

## ကိုယ့်အချစ်ခွာ အနှစ်ကိုရှာ

အဲဒါလေးစဉ်းစားရတယ်။ ဟုတ်လား။ ဒီဘဝလေးကို၊ ကိုယ့်ဘဝလေးကို ကိုယ်ချစ်တယ်ဆိုရင် သမ္မာအာဇီဝလုပ်ငန်းလေးနဲ့

http://www.dhammadownload.com



သက်မွေးဝမ်းကျောင်းပြုပြီး ဉာဏ်ကလေးနဲ့ နေတတ်ပါစေ။

ဝိသမလောဘတွေ သိပ်မများစေနဲ့ ဟုတ်လား။ ဝိသမလောဘ သိပ်လွန်ကဲလာရင် အဲဒီလောဘတွေက တစ်ကိုယ်လုံး ဥပါဒါန်ဖြစ်၊ ကမ္မဘဝဖြစ်ပြီးတော့ တစ်နေ့လုံးမှာ သမုဒယသစ္စာအာရုံတွေနဲ့ သမုဒယဒုက္ခ၊ သမုဒယဒုက္ခနဲ့ ရက်တွေ လတွေ နှစ်တွေများလာလို့ရှိရင် အပုံကြီး အထုပ်ကြီး ဖြစ်လာတယ်ဟုတ်လား။ အကုသိုလ်တွေကို စုဆောင်းဖန်များတော့ အကုသိုလ်ကြီးတွေက ခန္ဓာကိုယ်ထဲမှာ မဆံ့တော့ဘဲ ပွင့်ထွက်လာတဲ့နေ့မှာ ဒကာ,ဒကာမတွေ အပါယ်လေးဘုံ မဟုတ်လား။ အဲဒါဟာ ကိုယ့်ကိုယ်ကိုယ်ချစ်လို့လား၊ မချစ်လို့လား။

*(မချစ်လို့ပါဘုရား)*

ဒါကြောင့်မို့ ဒကာ,ဒကာမတွေ...တို့ဟာ သမုဒယအကြောင်းရင်းခံလို့ ဒုက္ခ

http://www.dhammadownload.com



သစ္စာ ဖြစ်နေရပြီ။ နောက်ထပ်တစ်ဖန် ခန္ဓာကိုယ်ထဲမှာ အရိယာသူတော်ကောင်း မျိုးစေ့မကိန်းသေးဘူး။ ဝိပဿနာဉာဏ်ပညာတို့ဖြင့် အကဲခတ် ကျင့်ကြံပွားများ အားထုတ်မှုမရှိသေးဘူးဆိုရင် ကဲ...ဝေဒနာပစ္စယာ ဘယ်သူလာမှာပါလိမ့်။

*(တဏှာပါဘုရား)*

တဏှာပစ္စယာ...။

*(ဥပါဒါန်ပါဘုရား)*

ဥပါဒါနပစ္စယာ...။

*(ကမ္မဘဝပါဘုရား)*

ဘာသစ္စာပြည့်စုံသွားတယ်။

*(သမုဒယသစ္စာပါဘုရား)*

ဒီတော့ ဒုက္ခသစ္စာပေါ်မှာ သမုဒယသစ္စာ ထပ်ပြီးရင်းထပ်တော့ သေလွန်သွားလို့ရှိရင် ကမ္မဘဝပစ္စယာ ပြိတ္တာ၊ ကမ္မဘဝပစ္စယာ အိမ်မြှောင်၊ တောက်တဲ့၊ ဧီးကွက်၊

http://www.dhammadownload.com



နွား၊ ဆိတ်၊ ဝက်၊ ကြက်...စသည်ဖြင့် ဟုတ်လား။ ရှင်းပြီနော်။

ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ချစ်တယ် ဆိုရင် မိမိရဲ့ ဘဝကလေးကို ကောင်းမှု ကုသိုလ်လေးတွေ လုပ်ခွင့်ရအောင် ကြိုးစား ပြီးတော့ မိမိရဲ့သန္တာန်ထဲမှာ အသိဉာဏ် ဓာတ်ကလေးတွေ ဖြစ်ပေါ်လာခွင့်ရအောင်၊ ထိုမှတစ်ဆင့် လက်တွေ့ ကျင့်ကြံကြိုးစား ပွားများအားထုတ်လို့မို့ မဂ်ဉာဏ် ဖိုဉာဏ် ဆိုတဲ့ အနည်းဆုံး သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်အောင် ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေ။

http://www.dhammadownload.com



# တရားအားထုတ်ခါနီး ပရိကံပြုရန်

**အဟံဘန္တေ-သံသာရဝဋ္ဋဒုက္ခတော မော စနတ္ထာယ ဣမံ အတ္တာနံ ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အာစရိယဿ အတ္ထာယ ဇီဝိတံ နိယျာဒေမိ ပရိစ္စဇာမိ။**

ဘန္တေ-အရှင်ဘုရား။ အဟံ-တပည့်တော်သည်။ သံသာရဝဋ္ဋဒုက္ခတော-သံသရာတည်းဟူသော ဝဋ်ဆင်းရဲဘေးအပေါင်းမှ။ မောစနတ္ထာယ-လွတ်မြောက်ပါရစေခြင်းအကျိုးငှာ။ ဣမံ အတ္တာနံ-ဤခန္ဓာငါးပါးကို။ ဗုဒ္ဓဿ-မြတ်စွာဘုရားအား လည်းကောင်း၊ ဓမ္မဿ-တရားတော်မြတ်အားလည်းကောင်း၊ သံဃဿ-သံဃာတော်မြတ်အား လည်းကောင်း၊ အာစရိယဿ-ဆရာမြတ်အားလည်းကောင်း၊ အတ္ထာယ-အကျိုးငှာ၊ ဇီဝိတံ-အသက်ကို။ နိယျာဒေမိ-အပ်နှင်းပါ၏။ ပရိစ္စဇာမိ-လှူဒါန်းစွန့်ကြဲပါ၏

http://www.dhammadownload.com



အရှင်ဘုရား။

**ဓိဝိတံ စဆမာနေ့ာမိ သိက္ခာပဒါပဟံ နစ ဇာမိ။**

ဓိဝိတံ–အသက်ကို။ စဆမာနေ့ာမိ–စွန့်လွှတ်ငြားသော်လည်း၊ သိက္ခာပဒံ–ကိုယ်ကျင့်သီလတော်မြတ်ကို။ အပဟံ–တပည့်တော်သည်၊ နစဇာမိ–မစွန့်လွှတ်ပါ အရှင်ဘုရား။

အရှင်ဘုရား၊ တပည့်တော်များသည်၊ တရားအားထုတ်ဆဲ ခဏ၌၊ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ–စိတ်ဆင်းရဲကင်း၍၊ အားထုတ်ဆဲ၊ အားထုတ်လတ္တံ့ဖြစ်သော၊ ဒါန, သီလ, စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



## ဆုတောင်း

**ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ။**

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သောကျင့်ဝတ်ပဋိပတ်အကျင့်မြတ်ဖြင့်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ ဓမ္မံ–တရားတော်မြတ်ကို၊ သံဃံ–သံဃာတော်မြတ်အပေါင်းကို၊ မိဘ,ဘိုးဘွား,ဆရာသမားကို၊ ပူဇေမိ–ပူဇော်ပါ၏အရှင်ဘုရား။

http://www.dhammadownload.com



**အဒ္ဓါ ကုမာယ ပင်္ဒိုပတ္တိယာ ဇာတိဇရာ ဗျာဓိမရဏမှာ ပရိမုစ္စိသာမိ။**

ကုမာယ ပဋိပတ္တိယာ–မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရားကိုးပါးအား လျော်သောကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကြောင့်၊ ဇာတိ ဇရာ ဗျာဓိ မရဏမှာ–ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေခြင်း ဘေးဒုက္ခအပေါင်းတို့မှ၊ အဒ္ဓါ–မချွတ်ကေန်၊ ပရိမုစ္စိသာမိ–လွတ်မြောက်ရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



## မေတ္တာပို့

- အထက်အရပ်မှာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်းဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
- အောက်အရပ်မှာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်းဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
- အနန္တစကြဝဠာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်းဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
- တရားဟော တရားနာ ဘေးရန်ကွာ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါစေ။

http://www.dhammadownload.com



- ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ကျန်းမာကြပါစေ။
- မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။

မေတ္တာရန်သူ ဒေါသမူ အပူကင်းပါစေ။
မေတ္တာရေချမ်း ကိုယ်စီဖြန်း အေးချမ်းကြပါစေ။
ခန္တီနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။
တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။
တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။

http://www.dhammadownload.com



## ဆုတောင်းအမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ အမတခေမံ၊ ပြည်နိဗ္ဗာန်ကို၊ ကေန်ထုတ်ချောက်ရောက်စေသော်။

ယနေ့ယခု အားထုတ်သမျှ မြတ်ဘာဂကို၊ မိဘဆရာ မျိုးသဟာနဲ့၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်းစ၍၊ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ရှိရှိသမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ ပေးငှဝေသည်၊ များထွေ သာခုခေါ်စေသော်။ ။